# ရဟန်းကျင့်ဝတ်
# နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်

ဘာသာရေးစာမူ ကြိုတင် ခွင့်ပြုချက်အမှတ်( ၂၅၁ )
မျက်နှာဖုံးကြိုတင် ခွင့်ပြုချက်အမှတ်( ၂၂၅၁ )
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

သျှင်ဓမ္မရက္ခိတ (ချောင်းဦးမောင်စန္ဒာ)
( စာရေးသူ၏မူပိုင် )

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၄၈/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၈၈၅)

ရဟန်းကျင့်ထုံး ဥပဒေတော်ကျမ်း

## ရဟန်းကျင့်ဝတ်

# နှစ်ရာ့နှစ်ဆယ့်ခုနှစ်သွယ်

ရှင်ဓမ္မရက္ခိတ (ခေါင်းဦးစေမာင်ရွှေ)

ပြုစုရေးသားသည် )

ရှစ်ကျပ်

၁၉၈၀ - ဖေဖော်ဝါရီလ
ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀)

---

မျက်နှာဖုံးပန်းချီ
တင်ထွန်းကျော်

---

ဘာသောက်
ဇမ္ဗူအေး

---

မျက်နှာဖုံးပုံနှိပ်
သုဝဏ္ဏပုံနှိပ်တိုက်

---

ပုံနှိပ်သူ
ဦးမြသေးခင်း (၀၁၇၈၄) ခေတ္တရာပုံနှိပ်တိုက်
အမှတ် ၁၂၂၊ ၃၁-လမ်း၊
ရန်ကုန်မြို့။

---

ထုတ်ဝေသူ
ဦးအောင်သန်း (၀၂၀၃၂) ချောင်းဦးစာပေ၊
အမှတ် ၂၉ဖ၊ အခန်း(၄)၊ မြေညီထပ်၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။



ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊
ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။

(ဝိနည်းအဋ္ဌကထာ)

ဝိနည်း မည်သည်ကား ဘုရား သာသနာတော်၏ အသက်ဖြစ်သည်။ ဝိနည်းတရား တည်ရှိနေသည်ရှိသော် သာသနာတော်လည်း တည်ရှိနေသည်မည်၏။

## ဒုလ္လဘ ဟူသည်

ရဟန်းအဖြစ်ကို ရခဲသည်ဟူရာ၌ အသက်မငဲ့မူ၍ သီလကိုချစ်သော ရဟန်း၏ အဖြစ်ကိုသာ ရခဲသည်။ ရဟန်းဖြစ်ဆန်းကာ ကို ရခဲသည်မဟုတ်။

(တတိယနံ့မော်ဆရာတော်)

## ဝိနည်းသိက္ခာပုဒ် အညွှန်း

သိက္ခာပုဒ်များ၏ရှေ့မှ တပ်ထားသော ပထမ လက်သည်းကွင်းမှ ဂဏန်းများသည် ရဟန်းကျင့်ဖွယ်"နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်"ကို အစဉ်အတိုင်း ရေတွက်သော နံပါတ်စဉ်ဖြစ်သည်။ဒုတိယနံပါတ်သည်ဆိုင်ရာသိက္ခာပုဒ် အုပ်စု၏ အရေအတွက်ကိုပြသော ဂဏန်းဖြစ်ပါသည်။

# မာတိကာ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ၁။ | တက်တိုး၏ "အမှာစကား" | .... | ၁ |
| ၂။ | နိဒါန်း (စကားပလ္လင်) | .... | ၅ |
| ၃။ | ဩဝါဒ ပါတိမောက် | .... | ၁၅ |
| ၄။ | အာဏာ ပါတိမောက် ပါရာဇိက သိက္ခာပုဒ် (၄) ပါး | .... | ၁၇ |
| ၅။ | သံဃာ ဒိသိသ် သိက္ခာပုဒ်(၁၃)ပါး | .... | ၁၉ |
| ၆။ | အနိယတ သိက္ခာပုဒ်(၂)ပါး | .... | ၂၃ |
| ၇။ | နိဿဂ္ဂိ ပါစိတ် သိက္ခာပုဒ်(၃၀)ပါး | .... | ၂၃ |
| ၈။ | သုဒ္ဓ ပါစိတ် သိက္ခာပုဒ်(၉၂)ပါး | .... | ၃၃ |
| ၉။ | ပါဋိဒေသနီ သိက္ခာပုဒ်(၄)ပါး | .... | ၆၀ |

| မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၁၀။ | သေခိယ သိက္ခာပုဒ်(၇၅)ပါး .... | ၆၁ |
| ၁၁။ | အဓိကရဏ သမထ သိက္ခာပုဒ်(၇)ပါး .... | ၈၃ |
| ၁၂။ | သာသနာတော်သမိုင်း .... | ၈၆ |
| ၁၃။ | နေမှု ထိုင်မှု၌ ကျင့်ထုံးများ .... | ၁၁၃ |
| ၁၄။ | ကျောင်း အိပ်ရာ နေရာ၌ ကျင့်ထုံးများ .... | ၁၁၈ |
| ၁၅။ | သုံးဆောင်မှုဆိုင်ရာ၌ ကျင့်ထုံးများ .... | ၁၁၉ |
| ၁၆။ | သင်္ကန်း သပိတ် ပရိက္ခရာ၌ ကျင့်ထုံးများ .... | ၁၂၂ |
| ၁၇။ | ခရီးသွားလာမှု၌ ကျင့်ထုံးများ .... | ၁၂၆ |
| ၁၈။ | သံဃိကကိစ္စ၌ ကျင့်ထုံးများ .... | ၁၂၇ |
| ၁၉။ | အယူဝါဒဆိုင်ရာ၌ ကျင့်ထုံးများ .... | ၁၂၉ |
| ၂၀။ | ဝိနည်းတော်လာ ကျက်စရာ မှတ်စရာ အဖြာဖြာ .... | ၁၃၁ |
| ၂၁။ | မှီငြမ်း ကျမ်းကိုးစာရင်း .... | ၁၅၅ |

# အမှာစကား

ဤ “နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်” ကျမ်းကို ရေးသားပြုစုပါရန် ဆရာတော်အရှင်ဓမ္မရက္ခိတအားကျွန်တော်က လွန်ခဲ့သည့်နှစ်အတွင်းမှာတောင်းပန်ခဲ့သည်။တောင်းပန်ခြင်း၏ အကြောင်းကား ဒုလ္လဘရဟန်းပြုလိုသော ကျွန်တော်နှင့် အလားတူ ပုဂ္ဂိုလ် များစွာတို့သည် ရဟန်းတို့ စောင့်ထိန်းအပ်သော သိက္ခာပုဒ်များကို အစဉ်အလိုက် လွယ်ကူစွာ သိလိုကြခြင်းပင်ဖြစ်သည်။

ကျွန်တော်သည် ရှေးပါရမီ နည်းသေးသဖြင့် ယခုဘဝတွင် တသက်တာ ရဟန်း မဖြစ်ရသော်ငြားလည်း အခါအခွင့်ကြုံလျှင် ရဟန်းဘဝကို တခဏမျှ ရယူလိုပါသည်။ဗုဒ္ဓသာသနာတော်ခေတ်အတွင်း၌ လူယောကျ်ားဖြစ်လာခိုက်တွင် ရခဲတောင့်ရခဲသော ရဟန်းဘဝကို ရက်တိုပိုင်းကလေးမျှပင်ဖြစ်စေ ရယူလိုသောဆန္ဒသည် တည်ရှိနေခဲ့၏။ သို့သော် ရဟန်းကျင့်ဝတ်ကို ကောင်းစွာမသိပဲ

ရဟန်းပြုရမည်ကို ဝန်လေးခဲ့သည်။ ရဟန်းကျင့်ဝတ်ကို ကောင်းစွာသိရန် ကျမ်းဂန် ပါဠိ နိဿယ သည်တို့ကို လေ့လာခြင်းငှာလည်း မစွမ်းသာချေ။ တိုတိုနှင့် လိုရင်း ရေးထားပြီးလျှင် ၂၂၇ သွယ်သော သိက္ခာပုဒ်တော် များကို နံပါတ်စဉ်အတိုင်း ရေးပြထားသော စာအုပ် တအုပ်ကို ရှာခဲ့ပါသည်။

တွေ့သည့် စာအုပ်အချို့ကို ဖတ်ကြည့်ပြီးလျှင် ကျေနပ်မှုမရလှသဖြင့် ဆရာရင်းတဦးဖြစ်သော ဆရာတော် အရှင် ဓမ္မရက္ခိတအား ကျွန်တော် လိုအပ်သည် တို့ကို လျှောက်ထား၍ ဒုလ္လဘရဟန်းတို့နှင့် သင့်လျော်သော "လက်စွဲကျမ်းငယ်" တစောင် ပြုစုပေးပါရန် တောင်းပန်ခဲ့ပါသည်။

ဆရာတော်ကလည်း ခေတ်မီပုဂ္ဂိုလ်တဦး ဖြစ်သည့် အလျောက် ကျွန်တော်၏တောင်းပန်ချက်ကို လက်ခံ၍ ဤကျမ်းကို ပြုစုပေးပေသည်။

ပြုစုပြီးနောက် ကျွန်တော့်အား မိတ္တူတစောင်ပေးသည်။ ကျွန်တော်လည်း ယင်းမိတ္တူအကြမ်း စာအုပ် ကလေးကို ကိုင်စွဲလျက် ကျောင်းသင်္ခမ်းသို့ဝင်၍ ရဟန်း ပြုပါတော့သည်။ နေနိုင်သမျှ ရက်သတ္တနှစ်ပတ်အတွင်း တွင် ရဟန်းသိက္ခာအရပ်ရပ်တို့ကို မကျိုးမပေါက်စေရန် တတ်အားသမျှစောင့်ထိန်း၍ ရဟန်းပြုရကျိုးနပ်အောင် ဆောင်ရွက်၍ မိမိအဖို့ ကျေနပ်ဝမ်းမြောက်မှု ရယူခဲ့ ပါသည်။

---

## အမှာ

ကျွန်တော်လိုချင်သည့်ပုံစံအတိုင်း သိက္ခာပုဒ် ၂၂၇ ပါးကို နံပါတ်စဉ်ပြီးလျှင် မည်သည့် သိက္ခာပုဒ်တွင် မည်သို့ ပညတ်တော်မူသည်။ မည်သူ့ကိုအကြောင်းပြု၍ ပညတ်တော်မူသည်ဟု "သံခိပ်နည်း" ဖြင့် ဖော်ပြထား သောကြောင့် လောကုတ္တရာ စာပေ၌ ကျွမ်းကျင်မှုမရှိ သောကျွန်တော်တို့ကဲ့သို့သောပုဂ္ဂိုလ်များအဖို့ နားလည် လွယ် မှတ်မိလွယ်ပေသည်။

ဆရာတော်က သိက္ခာပုဒ်များကိုသာ ဖော်ပြသည် မဟုတ်ပဲ၊ သာသနာတော်သမိုင်းကိုလည်း အကျဉ်းချုပ်၍ ဖော်ပြပေသေးသည်။ သာသနာတော်သမိုင်းကို ဖတ်ရှု ရသောဒုလ္လဘရဟန်းသည်သာသနာတော်ကိုအကြောင်း ပြု၍ ဗုဒ္ဓမြတ်စွာကိုကြည်ညိုမှု၊ တရားတော်ကိုကြည်ညိုမှု၊ သံဃာတော်မြတ်တို့ကို ကြည်ညိုမှုဖြစ်ပေမည်။ ယင်း သာသနာသမိုင်း အခန်းတွင် ရဟန်းတို့အား ပြုပိုင်ခွင့် များပေးထားသည့် အကြောင်းအချက်များ၊ တားမြစ် ပညတ်ချက်များမှစ၍ ရဟန်းကိစ္စ အဝဝကို ရှင်းလင်း ပြတ်သားစွာ ဖော်ပြထားသဖြင့် ဒုလ္လဘရဟန်းတို့အဖို့ ကျေနပ်ဖွယ် ဖြစ်ပေသည်။

နောက်ဆုံးပိုင်းတွင် အာပတ်ဖြေ ဒေသနာ ကြား ရာတွင် ရွတ်ဆိုအပ်သော ပါဠိဂါထာများနှင့် ဝိကာလ ဘောဇနာ သိက္ခာပုဒ်အတွက် နံနက်အရုဏ်တက်ချိန်ကို ဆယ့်နှစ်လ ဇယားဖြင့် ဖော်ပြထားသည်။

ရဟန်းဘဝ၊ ရဟန်းကျင့်ဝတ်၊ ရဟန်းကိစ္စ အဝဝ အထွေထွေကို ရှင်းလင်းပြတ်သားစွာ အကျဉ်း ချုပ်၍

ပြည့်ပြည့်စုံစုံဖော်ပြထားသော ကျမ်းဖြစ်သဖြင့် ဒုလ္လဘ ရဟန်းလောင်းတို့သည် ရဟန်းမပြုမီ လေ့လာပြီးလျှင် ရဟန်း အဖြစ်သို့ ရောက်ပြီးနောက် လူပြန်မထွက်ခင် ဒုလ္လဘ ဘဝတွင် လက်စွဲလေ့လာ ကျင့်သုံးကြရန် အထူး သင့်လျော်လှပေသည်။

ကျွန်တော်၏ တောင်းပန်ချက်အရ ကျနစွာ ပြုစု ရေးသားတော် မူသော ကျေးဇူးရှင် ဆရာတော်အား ရိုသေလေးမြတ်စွာ ကန်တော့လိုက်ပါသည်။

တက်တိုး

ရန်ကုန်မြို့
မြန်မာသက္ကရာဇ် ၁၃၄၀ ခု၊
တော်သလင်းလဆန်း ၈ ရက်၊
စနေနေ့၊ (၉-၉-၇၈)

# နိဒါန်း

## ( စကားပလ္လင် )

တနေ့တွင် စာရေးဆရာကြီး ဆရာတက်တိုး(ဦးအုန်းဖေ) နှင့် စာရေးသူတို့ စာပေအကြောင်း ဆွေးနွေးကြယင်းက ထွေရာလေးပါးစကားလက်ဆုံ ကျနေမိကြသည်။ ဆရာကြီးက....

"တက်တိုး အင်္ဂလိပ် မြန်မာ အဘိဓာန်ကြီး ရိုက်နှိပ်ပြီးလို့ တပည့်တော်ရဲ့ မွေးနေ့မှာ ဒုလ္လဘရဟန်းဝတ်ရန် ရည်ရွယ်ချက် ရှိပါတယ်၊ သင်္ကန်းဝတ်တဲ့အခါ မိမိထမ်းဆောင်ရမယ့် ရဟန်း သိက္ခာပုဒ်တော်များကို ယခုကပင် ကြိုကြိုတင်တင် သိရှိ နားလည်ထားလိုပါတယ်။ ဝိနည်းသင်ချိန်ကလဲမရ၊ ပါဠိမာဂဓကိုလဲ မကျွမ်းလေတော့ ဖြတ်လမ်းကပဲ ဝိနည်းနဲ့ ရင်းနှီးလိုပါတယ်၊ ဒါကြောင့် ရဟန်းတော်တို့ရဲ့ ဝိနည်းသိက္ခာ ပုဒ်တော်တွေကို မြန်မာလို တိုတိုရှင်းရှင်းနဲ့ လိုရင်းကို ပြန်ဆို ပြုစုရေးသားပေးပါ" ဟု တိုက်တွန်း တောင်းပန်ခဲ့ပါသည်။

စာရေးသူလည်း ဆရာတက်တိုးရဲ့ သာသနာစိတ်၊ ဘာသာစိတ် လိုအင် ဆန္ဒကိုလည်း ပါရမီဖြည့်သည် မည်စေ၊ ဆရာတက်တိုးကဲ့သို့ ဒုလ္လဘရဟန်း ပြုလိုသည့် ပြုသူများနှင့် ဗုဒ္ဓရဟန်းတော်တို့ ကျင့်ဆောင်ရသော ဝိနည်း သိက္ခာ ပုဒ်တော် များကို လေ့လာသူတို့အားလည်း ဗဟုသုတ တိုးပွား၍ အကျိုးများစေရန်တို့ကို ရည်သန်၍ တောင်းပန်တိုက်တွန်းချက်ကို လက်ခံခြင်း ပြုမိလေသည်။ ၂၂၇-သွယ်သော ဝိနည်း သိက္ခာပုဒ်တော်များနှင့် ရဟန်းဝိနည်းနှင့် သက်ဆိုင်သော သိမှတ်စရာ အဖြာဖြာတို့ကိုလည်း ဆရာကြီး သက်န်းမဝတ်မီ ပြန်လည် ထုတ်နုတ် ပြုစုရေးသား စီရင်မိပါတော့သည်။ ၎င်းနောက် စာမူအဖြစ်ဖြင့် ဆရာကြီးထံပို့ပေးခဲ့ပါသည်။

× × ×

ဝိနည်းသည် သာသနာ၏ အသက်မည်၏။ ဝိနည်း တည်ရှိသေးသော သာသနာတော်လည်း အသက်ရှင်လျက် တည်ရှိနေသည်မည်၏။ ဝိနည်းမရှိသော သာသနာတော်သည် လည်း ကွယ်ပျောက်သည် မည်တော့၏။ ဤတွင် ဝိနည်းဟူသည် ဗုဒ္ဓရှင်မြတ်၏ တပည့်သားအပေါင်းသည် ရင်ဝယ်နှလုံး ထွေးပိုက်ကျုံးလျက် စောင့်သုံးကြရသည့် ကျင့်ထုံး ဥပဒေတော်များပင် ဖြစ်သည်။ ရဟန်းတော်တို့၌ ကျင့်သုံး ဆောက်တည် အပ်သော သီလသည် လေးပါးအပြားရှိ၏။ (၄)ပါးဟူသည်....

၁။ ပါတိမောက္ခသံဝရသီလ - ရဟန်းတို့ ကျင့်အပ်သော အာပတ်ခုနစ်ပုံ သီလသိက္ခာ တရားစုလုံးခြုံခြင်း။

၂။ ဣန္ဒြိယသံဝရသီလ - အသက်မွေးမှု သန့်ရှင်း စင်ကြယ်ခြင်း။

၃။ အာဇီဝပါရိသုဒ္ဓိသီလ - စက္ခုစသော ဣန္ဒြေ ခြောက်ပါးကိုလုံခြုံခြင်း။

၄။ ပစ္စယသန္နိဿိတသီလ - ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသောလေးပါးကို စင်ကြယ်စွာမှီဝဲခြင်းတို့ပင် ဖြစ်သည်။

ယင်း သီလ လေးပါးတို့တွင် နံပါတ် (၁) ပါတိမောက္ခသံဝရသီလသည်ရဟန်းတော်များဆောင်ရန်ရှောင်ရန်နှင့် အပြစ်တို့ကို ကုစားခြင်းဆိုင်ရာတို့ကို ပြဆိုခြင်းတို့ပင်ဖြစ်သည်။ ဤတွင် ပါတိမောက္ခဆိုသော စကားသည် ပါဠိပိဋကတ်တော် နေရာများများတွင် တွေ့ရှိရသည်။ပ+အတိ+မောက္ခ ပုဒ်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။အလွန် မြင့်မြတ်သည်ဟု အဓိပ္ပါယ်ရသည်။ အပါယ်အစရှိသော သံသရာဝဋ္ဋဒုက္ခအပေါင်းတို့မှ လွတ်မြောက်စေတတ်သောကြောင့် ပါတိမောက်မည်၏ဟု ဖွင့်ဆိုကြသည်။

ပါတိမောက်သည်လည်း (၁) ဩဝါဒပါတိမောက်၊ (၂)အာဏာပါတိမောက်ဟူ၍ နှစ်မျိုးပြားပြန်သည်။ ထိုတွင် ဩဝါဒပါတိမောက်ဟူသည်"ခန္တီပရမံ တပေါ တိတိက္ခာ" အစရှိသော ဂါထာတော်သုံးပုဒ်ပင်ဖြစ်သည်။ဘုရားကိုယ်တော်တိုင် အစည်းအဝေးတို့၌ ဆုံးမဩဝါဒပေးသော ဒေသနာတော်ပင် ဖြစ်သည်။ ယင်း ဩဝါဒပါတိမောက်သည် ဘုရားရှင် ကိုယ်

တော်မြတ် ဝါတော် (၂၀) အတွင်း၌ တပည့်ရဟန်းများကို အပြစ်မမြင်၍ ဆုံးမသွန်သင်ခြင်းသာ ပြုခဲ့ခြင်းပင် ဖြစ်သည်။ ထိန်းချုပ်တော်မူခဲ့ခြင်းဖြစ်သည်။ (သြဝါဒပါတိမောက် ဒေသနာတော်ကို ဤစာအုပ်တွင် အပြည့်အစုံ ဖော်ပြထားပါသည်)။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝါတော်(၂၀) ကျော်သောအခါ သာသနာတော်ဝန်ထမ်းရဟန်းတို့အတွင်း၌ အနေအထိုင် အပြောအဆို မသိမ်မွေ့မဖြောင့်စင်းသော ပုဂ္ဂိုလ်များဝင်ရောက်လာကြသဖြင့် ရဟန်းကျင့်ထုံး ဝိနည်း ဥပဒေတော်များကို တစတစ ပညတ်တော် မူရလေသည်။ "ဤအမှုကိုမပြုကျင့်ရ၊ ပြုကျင့်ခဲ့သော် ဤအာပတ်သင့်၏။ဤအပြစ်ဖြစ်၏" ဟု မိန့်တော်ထားရတော့သည်။ယင်းသို့ တမင်္ဂလာအာဏာစက်ဖြင့် ထုတ်ပြန်ပညတ်ရသော ပါတိမောက်ကို အာဏာပါတိမောက်ဟု ခေါ်ဆိုလေသည်။ ဤ၌ နှစ်ရာနှစ်ဆယ်ခုနစ်သွယ် ဟူသည် ယင်းအာဏာပါတိမောက်၌ လာရှိသောသိက္ခာပုဒ်ပညတ်တော်များ၊ ဥပဒေများပင် ဖြစ်သည်။

အာဏာပါတိမောက် ဝိနည်းဥပဒေတော်တို့၏ ပညတ်ချက်သည်(၄)မျိုး ရှိသည်။

၁။ အပြစ် ဖြစ်ပေါ်လာ၍ ပဌမ မူလ ပညတ်ချက်ကို ထုတ်တော်မူခြင်း။

၂။ ခိုင်ခန့်စေ သို့မဟုတ် ပေါ့လျော့စေလို၍ ထပ်ဆင့် အနုပညတ်ချက်ကို ထုတ်တော်မူခြင်း။

၃။ အပြစ်မပေါ်မီ ကြိုတင်ပညတ်ချက် ထုတ်တော်မူခြင်း။

၄။ အရပ်ဒေသခပ်သိမ်းနှင့် အကျုံးဝင်အောင် ပညတ်ချက်ထုတ်တော်မူခြင်း။

၅။ မဇ္ဈိမဒေသနှင့်သာ အကျုံးဝင်အောင် ပညတ်ချက်ထုတ်တော်မူခြင်း။

၆။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမနှစ်ဦးလုံးနှင့် သက်ဆိုင်အောင် ပညတ်ချက် ထုတ်တော်မူခြင်း။

၇။ ရဟန်း မိန်းမနှင့်သာ သက်ဆိုင်သော ပညတ်ချက်ကို ထုတ်တော်မူခြင်း။

၈။ ရဟန်းယောကျ်ားနှင့်သာ သက်ဆိုင်သော ပညတ်ချက်ကို ထုတ်တော်မူခြင်း။

၉။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ နှစ်မျိုးလုံးနှင့် ဆက်ဆံသော ပညတ်ချက်တို့ကို ထုတ်တော် မူခြင်းတို့ပင် ဖြစ်သည်။

အာဏာပါတိမောက်၌ လာသော နှစ်ရာနှစ်ဆယ်ခုနစ်သွယ်သော ဝိနည်းဥပဒေချုပ် ပညတ်တော်များကို ဒေသကြီး (၇) ပါး၌ ပညတ်ချက် ထုတ်တော်မူခဲ့သည်။ ယင်းဒေသကြီး (၇) ပါးမှာ (၁)ဝေသာလီပြည်၊ (၂)ရာဇဂြိုဟ်ပြည်၊ (၃)သာဝတ္ထိပြည်၊ (၄)အာဠဝီပြည်၊ (၅)ကောသမ္ဗီပြည်၊ (၆)သက္ကတိုင်း၊ (၇) ဘဂ္ဂတိုင်းတို့ပင် ဖြစ်ကြသည်။ ၎င်းဒေသပြည်ရွာတိုင်းဌာနတို့တွင် ဖြစ်ပေါ်တိုင်းသော အမှုကိစ္စပြဿနာတို့ကို ရှေ့ဉာဏ်

တော်ဖြင့် ရှုကြည့်၍ ပညတ်တော်မူခဲ့သည်။ ယင်းပညတ်တော်မူ ချက်မှာလည်း-

၁။ လောကဝဇ္ဇာပတ္တိ= လောကအားဖြင့် အပြစ် ရှိသော အာပတ်မျိုးနှင့်

၂။ ပဏ္ဏတ္တိဝဇ္ဇာပတ္တိ=ဘုရား ပညတ်တော်မူသောအားဖြင့် အပြစ်ရှိသော အာပတ်မျိုးဟူ၍ နှစ်မျိုးပြခဲ့ပြန်လေသည်။

နှစ်ရာနှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ် ပညတ်တော်တို့ ဟူသည်-

၁။ ပါရာဇိက သိက္ခာပုဒ် (၄)ပါး၊

၂။ သံဃာဒိသိက် သိက္ခာပုဒ် (၁၃)ပါး၊

၃။ အနိယတ သိက္ခာပုဒ် (၂)ပါး၊

၄။ နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်(၃၀)ပါး၊

၅။ သုဒ္ဓပါစိတ် သိက္ခာပုဒ် (၉၂)ပါး၊

၆။ ပါဋိဒေသနိ သိက္ခာပုဒ် (၄)ပါး၊

၇။ သေခိယ သိက္ခာပုဒ် (၇၅)ပါး၊

၈။ အဓိကရဏ သမထ သိက္ခာပုဒ် (၇) ပါး၊
ပေါင်း(၂၂၇)ပါးတို့ပင် ဖြစ်ကြသည်။

သဗ္ဗညုဘုရားရှင်သည် တပည့်သား ရဟန်းတော်တို့အတွင်း၌ ပညတ်သင့်သော အချိန်အခါ ရောက်တိုင်း အာဏာစက်ဖြင့်

ပညတ်တော်မူမြဲဖြစ်သည်။ ဘုရားတပည့်သား သံဃာတော် အရည်အတွက်သည်လည်း လျော့ပါးခြင်းမရှိ၊ များစွာစည်ပင် တိုးပွားလျက်ရှိခဲ့သည်။ ထိုတွင် ရဟန်းတော်များ သည်လည်း ပြောဆိုနေထိုင်ရာ ဆက်ဆံရာ စသည်တို့၌ ဤကားအာပတ်သင့် နေသလော၊မသင့်သလော စသည်ဖြင့် ယုံမှားသံသယ စိတ်ဒွိဟ များ မကြာခဏ ဖြစ်ရှိတတ်ကြသည်။ အချို့သော ရဟန်းတော် များလည်း အကြောင်းမဲ့ လွန်ကျူးခြင်း၊ အချို့သော ရဟန်း တော်များကမူ ဝိနည်းရှောင်၍ တမင်ပြုကျင့်ခြင်း စသည်တို့ကို လည်း ဖြစ်ရှိ ပေါ်ပေါက် အမှုရောက်လျက် နေကြသည်။ မည် သို့ပင်ဖြစ်စေ အာပတ်သင့်ရောက်ခြင်းသည်....

၁။ သစိတ္တက–စိတ်စေတနာရှိ၍ပြုခြင်းကြောင့် သင့်သော အာပတ်နှင့်၊

၂။ အစိတ္တက–စိတ်စေတနာမရှိပဲပြုခြင်းကြောင့် သင့်သော အာပတ်ဟူ၍ နှစ်မျိုးသာရှိလေသည်။ ဤနှစ်မျိုး၌ ဖြစ်မှုအပေါင်းသည် အလုံးစုံ အကျုံးဝင်လျက်ပင် ရှိသည်။ ဤတွင် အာပတ် သင့်ခြင်းနှင့် ပတ်သက်၍ အာပတ်သင့်ခြင်း အကြောင်း (၆) ပါးကိုလည်း အဋ္ဌကထာ၌ ပြဆိုထားပြန်သည်။ (၆) ပါးဟူသည်–

(၁) အရှက်မရှိခြင်း၊ (၂) သိက္ခာပုဒ် ပညတ်တော်ကို မသိခြင်း၊ (၃) အပ်သလော မအပ်သလော စသည်ဖြင့် ကုက္ကုစ္စနှိပ်စက်၍ သံသယင့်ခြင်း၊(၄)မအပ်သည်၌ အပ်သည်ဟု ထင်မှတ်ခြင်း၊ (၅) အပ်သည်၌ မအပ်သည်ဟု ထင်မှတ်ခြင်း၊

ပေယ်ဦးစာပေ

(၆)သတိမေ့လျော့ခြင်းတို့ပင် ဖြစ်သည်။ ဤ(၆) ပါးသော အကြောင်းတို့ကြောင့်သာ အပြစ်ကို လွန်ကျူးမိ၍ အာပတ် သင့်ခြင်းဖြစ်ရှိရလေသည်။

ယင်းသို့ အာပတ်သင့်ရောက်ကြောင်းများ ပေါ်ပေါက် လာစေရန် အရှက်မရှိခြင်း၊ အပ်သလော မအပ်သလောသံသယ ရှိခြင်း၊အပ်သည်ကို မအပ်၊မအပ်သည်ကို အပ်သည်ထင်ခြင်းနှင့် သတိမေ့လျော့ခြင်းတို့မှာ စင်စစ် သိက္ခာပုဒ်ပညတ်တော်တို့ကို မသိနားမလည်ခြင်းက အဓိက တရားခံပင်ဖြစ်သည်။ ထို့ကြောင့် သိက္ခာပုဒ်ပညတ်ချက်များကို သိရှိနားလည်အောင် ပို့ထားရ ပေမည်၊ မှတ်သား လေ့လာသင်ကြားထားရပေမည်။ သို့မှ သာ ရဟန်းဘဝ၌ မိမိသီလသိက္ခာတော်အတွက် ရှောင်ရန် ဆောင်ရန်လိုက်နာနိုင်ရန်တို့ကို တိတိကျကျ သိရှိနိုင်ကြပေမည်။

သို့သော် သိက္ခာပုဒ် ပညတ်တော်များသည် ပါဠိဘာသာ အရေးအသားတို့ဖြင့်သာ တည်ရှိကြ၍ ရှင်ငယ်ဘဝ စာသင် သားဘဝတို့မှ အဆင့်ဆင့် သင်ယူလာခဲ့ကြသော ငယ်ဖြူ ရဟန်း တော်များမှာ ပါဠိဘာသာကို လွယ်ကူစွာတတ်မြောက်နိုင်ကြ သော်လည်း အရွယ်ကြီးရင့်မှ သာသနာတော်မြတ်၏ ရိပ်ထိုး အောက်သို့ ဝင်ရောက်ခိုလှုံလိုသော မြန်မာ ဒုလ္လဘရှင်ရဟန်း များမှာကား သင်ကြားတတ်သိနိုင်ရန် အခက်အခဲကြုံတွေ့နေရ တတ်သည်။ မှန်သည်၊ ဤသဘောကိုရိပ်စားမိသော ကျေး ဇူးရှင် လည်တီဆရာတော်ဘုရားကြီးသည် ဝိနယသံခိပ်ကျမ်းကို ပင်ပြုစုစီရင်တော်မူခဲ့သည်။သံပေါက်ကဗျာတို့ဖြင့် ဝိနည်းသိက္ခာ ပုဒ်တော်များကို သိရှိရန်ပင်ဖြစ်သည်။ မြန်မာတို့အဖို့ မြန်မာလို

အလွယ်တကူသိရှိနိုင်ရန် ရည်ရွယ်ရေးသား စီရင်တော်မူခဲ့ခြင်း ပင်ဖြစ်သည်။

ဤကျမ်းစာသည်လည်း ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ ဝိနယ သံခိပ်ဉာဏ်သဘောသွားကို အားကျနည်းမှီး ကြောင်း ဝန်ခံအပ်ပါသည်။ သို့သော် ဤကျမ်းစာငယ်၌ ပါဠိသဘောနှင့် အလက်ာနွေ့ခြင်း၊လုံးဝမရှိပါ။ မြန်မာ စကားပြေသက်သက်ဖြင့်သာ အတိုချုပ်းကာ လိုရင်းရေးသားထားခြင်း ဖြစ်ပါသည်။ အကယ်၍ သိမ်မွေ့နက်နဲသော ဝိနည်းသိက္ခာပုဒ်တော်များကို ပြည့်ပြည့်စုံစုံ အကျယ် သိရှိမှတ်သားလိုပါက ပါတိမောက် ပါဠိတော်နှင့် ၎င်း မြန်မာပြန်များ၊ ထို့ထက် အကျယ်သိရှိလိုပါက ဝိနည်းငါးကျမ်းပါဠိတော်နှင့် ၎င်းမြန်မာပြန် (ဆင့်မူ) များနှင့် ထိုခုံဝိနယဝိနိစ္ဆယများကို ကြည့်ရှုလေ့လာတော် မူနိုင်ကြပါသည်ဟုသာ တိုက်တွန်း နှိုးဆော်ရပါသည်။

ဤ'နှင်ရာနှစ်ဆယ်ခုနစ်သွယ်' (ရဟန်းကျင့်ထုံးဥပဒေတော်) ကျမ်းစာကို ပြုစု ရေးသားပါဟု လေးလေးစားစား တိုက်တွန်း တောင်းပန်သော စာရေးဆရာကြီး တက်တိုး (ဦးအုန်းဖေ) အားလည်းကောင်း၊ သီလသိက္ခာကို ချစ်မြတ်နိုး၍ သာသနာတော်၏မျက်နှာကိုသာကြည့်ရှုရန် အမြင်ကြည်လင်ရေးအတွက် အဖက်ဖက်မှ အားပေး ချီးမြှင့်တော် မူကြသော ကျွန်းကူးကျောင်း ဆရာတော် ဦးဝက္ကိန္ဒ (ရန်ကုန်)၊ သီဟိုဠ်ဆရာတော် ဦးခေမာစာရ (ရန်ကုန်)နှင့် ဝိသုဒ္ဓါရုံ မယ်ဇယ်တိုက်သစ် ဆရာတော် ဦးဝိဝေကာ ဘိဝံသ (မန္တလေး) အရှင်မြတ်တို့အား

အထူး ကျေးဇူးတင်ရှိပါကြောင်း အတိဂါရဝဖြင့် ဤ၀ိနည်းကျမ်းစာ နိဒါန်းတွင် မှတ်တမ်းတင်အပ်ပါသည်။

ၡင်းပြင် စာအုပ်ဖြစ်ရန် ရည်ရွယ်ချက်မထားရှိသော ဤစာမူကို စာအုပ်အဖြစ် ထုတ်ဝေနိုင်ရန် ကူညီ လုပ်ဆောင်ပေးကြသော နုယဉ်စာပေမှ ကဗျာဆရာမကြီး ဒေါ်နုယဉ်အား လည်းကောင်း၊စပယ်ဦးစာပေမှ ကိုတင်စိုးနှင့် ပုံနှိပ်လုပ်သားများအားလည်းကောင်း၊ လက်နှိပ်စက်ဖြင့် စာမူ ကူးပေးကြသည့် တပည့်မောင်သန်းလှိုင်နှင့် မောင်ငြိမ်းတို့အားလည်းကောင်း ကျေးဇူးမေတ္တာတင်ရှိစွာဖြင့် မမေ့ပါကြောင်း ရုံးစုပေါင်းကာစာကမှည်းတင်အပ်ပါသတည်း။

သျှင်ဓမ္မရက္ခိတ

(ချောင်းဦးမောင်စန္ဒာ)

၁၃၃၉-ခု၊ ဒုတိယ ဝါဆိုလပြည့်၊

ဓမ္မစကြာအခါတော်နေ့။

(စနေ၊ ၃၀-၇-၇၇)

# ဩဝါဒပါတိမောက် (ပါဠိတော်)

(၁) ခန္တီ ပရမံ တပေါတိ တိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ
နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ၊
ဝိဟေဌယန္တော။

(၂) သဗ္ဗ ပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

---

ပေယ်ဦးစာပေ

(၃) အနုပဝါဒေါ အနုပဃာတော၊
ပါတိမောက္ခေစ သံဝရော၊
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေစ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

## ဩဝါဒပါတိမောက်(မြန်မာပြန်)

(၁) တိတိက္ခာဟု ဆိုအပ်သော သည်းခံမှု ခန္တီတရားသည် မြတ်သော အကျင့်တည်း။ နိဗ္ဗာန်ကို အလွန်မြတ်သော တရား ဖြစ်၏ဟု ဘုရားရှင် အဆူဆူတို့ ဟောတော်မူကြကုန်၏။ ရဟန်း ဟူသည် သူတပါးကိုမညှဉ်းဆဲရာ၊ သူတပါးညှဉ်းဆဲသောသူသည် ရဟန်းမဟုတ်ပေ။

(၂) အလုံးစုံသော မကောင်းမှုကို မပြုကျင့်ရာ၊ ကုသိုလ် တရားနှင့် ပြည့်စုံစေရာ၏။ မိမိစိတ်ဓာတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်အဆူဆူတို့၏ အဆုံးအမ ဩဝါဒတော် ပေတည်း။

(၃) သူတပါးကို ကဲ့ရဲ့စွပ်စွဲ ညှဉ်းဆဲခြင်း မပြုရ၊ ပါတိ မောက် သီလသိက္ခာကိုလည်း စောင့်စည်းရာ၏။ စားသောက် ဖွယ်၌ အတိုင်းအရှည်ကိုလည်းသိရာ၏။ ဆိတ်ငြိမ်အေးချမ်းသော ကျောင်း၊ အိပ်ရာသို့ ကပ်ရောက်နေထိုင်ရာ၏။ အဓိစိတ္တ သိက္ခာ တော်ကို ပွားများအားထုတ်ရာ၏။ ဤသည်ကား ဘုရားရှင် အဆူဆူတို့၏ အဆုံးအမ ဩဝါဒတော်ပေတည်း။

(ဩဝါဒ ပါတိမောက် မြန်မာပြန် ပြီး၏။)

---

ပေယျာလ ဦးစာပေ

# အာဒိကာပါတိမောက်

# ရဟန်းကျင့်ထုံးဥပဒေတော်

## ပါရာဇိက သိက္ခာပုဒ်(၄)ပါး

(၁) ၁။ ပဌမပါရာဇိက သိက္ခာပုဒ်

ရဟန်းသည် မေထုန်မမှီဝဲရ၊ အယုတ်အားဖြင့် တိရစ္ဆာန်မ၌သော်လည်း မမှီဝဲရ၊ မှီဝဲခဲ့သော် ပါရာဇိက အာပတ်သင့်၏။ ရဟန်းအဖြစ် ဆုံးရှုံးခြင်းသို့ရောက်၏။ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတော်၌ ရှင်သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂) ၂။ ဒုတိယ ပါရာဇိက သိက္ခာပုဒ်

ရဟန်းသည် သူတပါး ပစ္စည်းဥစ္စာကို မခိုးယူရ၊ အယုတ်အားဖြင့် မြက်ဝါးခြမ်းစိပ်မျှကိုလည်း မခိုးယူရ။

ခိုးယူခဲ့သော် ပါရာဇိက အာပတ်သင့်၏။ ရဟန်းအဖြစ် ဆုံးရှုံးခြင်းသို့ရောက်၏။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ရှင်ဓနိယကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၃) ၃။ တတိယ ပါရာဇိက သိက္ခာပုဒ်

ရဟန်းသည် လူမသတ်ရ၊ အယုတ်အားဖြင့် ပိုးရွ ခြပုန်းကိုသတ်ခြင်း၊ ကိုယ်ဝန်ကျဆေးကို ပေးခြင်း တို့ကို လည်း မပြုရ။ ပြုခဲ့သတ်ခဲ့သော် ပါရာဇိက အာပတ် သင့်၏။ ရဟန်းအဖြစ် ဆုံးရှုံးခြင်းသို့ရောက်၏။ ဝေသာလီ ပြည် ကူဋာဂါရ ကျောင်းတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၄) ၄။ စတုတ္ထ ပါရာဇိက သိက္ခာပုဒ်

ရဟန်းသည် ဈာန် မဂ် ဖိုလ်တို့ကိုမရရှိပဲ "ရရှိသည်" ဟု လိမ်မပြောရ။ လိမ်ပြောခဲ့သော် ပါရာဇိက အာပတ် သင့်၏။ ရဟန်းအဖြစ် ဆုံးရှုံးခြင်းသို့ ရောက်၏။ မဟာ ဝုန်တော ကူဋာဂါရကျောင်းတော်၌ ဝဂ္ဂုမုဒါမြစ်ကမ်း နားတွင် နေကြကုန်သော ရဟန်းများကို အကြောင်း ပြု၍ ပညတ်တော်မူသည်။

(ပါရာဇိက သိက္ခာပုဒ် ၄ ပါး ပြီး၏။)

## သံဃာဒိသိသ် သိက္ခာပုဒ်(၁၃)ပါး

(၅) ၁။ သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်

ရဟန်းသည် လုံ့လဖြင့် သုက်မလွှတ်ရ၊ လွှတ်ခဲ့သော် သံဃာဒိသိသ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင်သေယျသကကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၆) ၂။ ကာယ သံသဂ္ဂ သိက္ခာပုဒ်

ရဟန်းသည် မိန်းမကို မထိတွေ့မသုံးသပ်ရ၊ ထိတွေ့ သုံးသပ်မှုပြုခဲ့သော် သံဃာဒိသိသ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၇) ၃။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်

ရဟန်းသည် မိန်းမအား ကာမဂုဏ်ရာဂနှင့်စပ်သော စကားမျိုးမပြောရ၊ ပြောခဲ့သော် သံဃာဒိသိသ်အာပတ် သင့်၏။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ အရှင် ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စာယ်ဦးစာပေ

(၈) ၄။ အတ္တကာမပါရိစရိယ သိက္ခာပုဒ်

ရဟန်းသည် မိန်းမအား မေထုန်မှီဝဲမှုကို အလှူမခံရ။ အလှူခံခဲ့သော် သံဃာဒိသိသ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင် ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၉) ၅။ သဉ္စရိတ္တ သိက္ခာပုဒ်

ရဟန်းသည် အောင်သွယ်ခြင်း မပြုရ၊ ပြုခဲ့သော် သံဃာဒိသိသ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင် ဥဒါယီကို အကြောင်း ပြု၍ ပညတ်တော်မူသည်။

(၁၀) ၆။ ကုဋိကာရ သိက္ခာပုဒ်

ရဟန်းသည် တောင်းရမ်း အလှူခံ၍ ပမာဏထက် ကြီးသော ကျောင်းကို မဆောက်ရ၊ ဆောက်ခဲ့သော် သံဃာဒိသိသ် အာပတ်သင့်၏။ အာဠဝီပြည် အဂ္ဂါဠဝ စေတီတော်၌ အာဠဝီတိုင်းသား ရဟန်း များကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၁) ၇။ ဝိဟာရကာရ သိက္ခာပုဒ်

ရဟန်းသည် ကျောင်း ဒါယကာအဖြစ် ကျောင်း ဆောက်လိုသော် ရဟန်းများကို ပင့်ဖိတ်ကာ ကျောင်း

နေရာကိုတိုင်ပင်ညွှန်ကြားမှုမယူဘဲ မဆောက်ရ၊ ဆောက်ခဲ့သော် သံဃာဒိသိသ် အာပတ်သင့်၏။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်၌ အရှင်ဆန္နကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၂) ၈။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်

ရဟန်းသည် ဒေါသထွက်၍ မခိုင်လုံသော ပါရာဇိက အာပတ်ဖြင့် မစွပ်စွဲရ၊ စွပ်စွဲခဲ့သော်သံဃာဒိသိသ်အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ မေတ္တိယဘိက္ခုနီမကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၃) ၉။ ဒုတိယ ဒုဋ္ဌဒေါသသိက္ခာပုဒ်

ရဟန်းသည် စကားသွယ်ဝိုက်၍ ပါရာဇိကအာပတ်ဖြင့် မစွပ်စွဲရ၊ စွပ်စွဲခဲ့သော် သံဃာဒိတ်သိသ်အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မေတ္တိယဘုမဇက ရဟန်းအများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄) ၁၀။ သံဃဘေဒက သိက္ခာပုဒ်

ရဟန်းသည် သံဃာကို သင်းခွဲခြင်းပပြုရ၊ ပြုခဲ့သော် သံဃာဒိသိသ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ အရှင် [illegible] ပညတ်တော်မူသည်။

စာကြည့်တိုက်
စပယ်ဦးတော်ရုံ ကျ...ရွာ ဖေအေး၊ ရန်ကုန်

(၁၅) ၁၁။ ဘေဒါနုဝတ္တက သိက္ခာပုဒ်

ရဟန်းသည် သံဃာသင်းခွဲသူ၏ နောက်လိုက်အဖြစ် အားပေးခြင်းမပြုရ၊ ပြုခဲ့သော် သံဃာဒိသိသ် အာပတ် သင့်၏။ ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကောကာလိကနှင့် ရဟန်းအများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆) ၁၂။ ဒုဗ္ဗစ သိက္ခာပုဒ်

ရဟန်းသည် ရဟန်းတို့ ဝိနည်းကံဖြင့် ဆိုဆုံးမမှုကို မနာခံဘဲမနေရ၊နေခဲ့သော်သံဃာဒိသိသ်အာပတ်သင့်၏။ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ အရှင်ဆန္နကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇) ၁၃။ ကုလဒူသက သိက္ခာပုဒ်

ရဟန်းသည် လူတို့၏ သဒ္ဓါကြည်ညိုမှု ပျက်အောင် မပြုရ၊ ပြုခဲ့သော် သံဃာဒိသိသ်အာပတ်သင့်၏။သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ အဿဇိ၊ ပုနဗ္ဗသုက၊ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(သံဃာဒိသိသ် သိက္ခာပုဒ် ၁၃ ပါးပြီး၏။)

## အနိယတ သိက္ခာပုဒ် (၂) ပါး

(၁၈) ၁။ ပထမအနိယတ သိက္ခာပုဒ်

ရဟန်းသည် မိန်းမနှင့် မျက်စိ နား ဆိတ်ကွယ်ရာ၌ မနေရ၊ နေခဲ့သော် အနိယတ အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင် ဥဒါယိကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၉) ၂။ ဒုတိယအနိယတ သိက္ခာပုဒ်

ရဟန်းသည် မျက်စိနား ဆိတ်ကွယ်ရာ မဟုတ်သော်လည်း မိန်းမနှင့် နှစ်ယောက်ချင်း မနေရ၊ နေခဲ့သော် အနိယတ အာပတ်သင့်၏။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ အရှင် ဥပါယိကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(အနိယတသိက္ခာပုဒ် ၂ ပါး ပြီး၏။)

## နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်(၃၀)

(၂၀) ၁။ ပထမ ကထိန သိက္ခာပုဒ်

ရဟန်းသည် ဆောက်တည် ထားသော သင်္ကန်း သုံးထည်ထက်အပိုဆောင်မထားရ၊ ဆောင်ထားခဲ့သော်

စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ် အာပတ် သင့်၏။ ဝေသာလီပြည် ဂေါတမ စေတီတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၁) ၂။ ဒုတိယ ကထိန သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်း(၃) ထည် (တိစီဝရိတ်) နှင့် ညဉ့်ကင်းမနေရ၊ နေခဲ့သော် စွန့်ခြင်း ဝိနည်းကံသင့်သော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၂) ၃။ တတိယ ကထိန သိက္ခာပုဒ်

ရဟန်းသည် အခါမဟုတ်ရအပ်သော သင်္ကန်းလျာ အဝတ်စကို မချုပ်မဆိုးပဲ တလထက်ပိုမထားရ၊ ထားခဲ့လျှင် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၃) ၄။ ပုရာဏ စီဝရ သိက္ခာပုဒ်

ရဟန်းသည် ဆွေမျိုးမတော်သော ဘိက္ခုနီမအား သင်္ကန်းဟောင်းကိုမဖွပ် မလျှော်စေရ၊ ဖွပ်လျှော် စေခဲ့လျှင် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌အရှင်ဥဒါယိကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၄) ၅။ စိဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်

ရဟန်းသည် ဆွေမျိုးမတော်သော ဘိက္ခုနီမထံမှ သင်္ကန်း အလဲမခံရ၊ အလဲခံ၍ ရရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ အရှင်ဥဒါယိကို အကြောင်း ပြု၍ ပညတ်တော်မူသည်။

(၂၅) ၆။ အညာတိက ဝိညတ္တိ သိက္ခာပုဒ်

ရဟန်းသည် ဆွေမျိုး မတော်သူထံ သင်္ကန်း အလှူ မခံရ၊ အလှူခံ၍ ရရှိသော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သင့်၏၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်း တော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၂၆) ၇။ တတုတ္တရိ သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်းပျောက်ပျက်၍ ဆွေမျိုးမတော် သူတို့က ဖိတ်ကြားသော် သင်္ကန်းဒွိစုံမျှ အလှူခံအပ်၏။ ထိုထက်ပို၍ အလှူမခံရ။ အလှူခံ၍ ရခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသောပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတ ဝန် ကျောင်း တော်၌ ဆဗ္ဗဂ္ဂီ ရဟန်း များ ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၂၇) ၈။ ဥပက္ခဋ္ဌ သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်းအကောင်းစား အဖိုးတန်ဖြစ်အောင် အလှူမခံရ၊ အလှူခံ၍ရရှိသော် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ပညတ်တော်မူသည်။

(၂၈) ၉။ ဒုတိယ ဥပက္ခဋ္ဌ သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်းအများကို အကောင်းစား တထည်ဖြစ်အောင် စီမံ၍ အလှူမခံရ၊ အလှူခံ၍ ရရှိခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသောပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင် ဥပနန္ဒကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၉) ၁၀။ ရာဇ သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်းဖိုး အလှူရှင်ဖြစ်သောမင်း၊ မှူးမတ် စသည့် တကာတဦးဦးက ကပ္ပိယထံ အပ်နှံထားသော် သင်္ကန်းရလိုမှုဖြင့် အတင်းအကြပ် အလှူမခံရ၊ အလှူခံ၍ရရှိခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

---

စပယ်ဦးစာပေ

(၃၀) ၁၁။ ကောသိယ သိက္ခာပုဒ်

ရဟန်းသည် ပိုးချည်အခင်းကို မပြုလုပ်ရ၊ ပြုခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ အာဠဝီပြည် အဂ္ဂါဠဝ စေတီတော်၌ ဆဗ္ဗဂ္ဂီ ရဟန်း များကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၃၁) ၁၂။ သုဒ္ဓကာဠက သိက္ခာပုဒ်

ရဟန်းသည်သိုးမွေးအနက်အခင်းကိုမပြုရ၊ ပြုခဲ့သော် စွန့်ခြင်း ဝိနည်း ကံရှိသော ပါစိတ် အာပတ်သင့်၏။ ဝေသာလီပြည်မဟာဝန်တောကူဋာဂါရကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၃၂) ၁၃။ ဒွေဘာဂ သိက္ခာပုဒ်

ရဟန်းသည် သုံးပုံနှစ်ပုံ သိုးမွေးအနက် ရောသော အခင်းမျိုးသာ ပြုရမည်။ ၎င်းပမာဏ အချိုးအစားမရှိ သော အခင်း ပြုခဲ့သော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ် တော်မူသည်။

---

(၃၃) ၁၄။ ဆဗ္ဗသာ သိက္ခာပုဒ်

ရဟန်းသည် ခြောက်နှစ်အတွင်း အခင်းသစ်ကိုမပြုရ၊ ပြုခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ် သင့်၏။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်း များကို အကြောင်းပြု၍ ပညတ်သည်။

(၃၄) ၁၅။ နိသိဒနသန္ထတ သိက္ခာပုဒ်

ရဟန်းသည် နေရာထိုင်ခင်း အသစ်ပြုလိုက အခင်း ဟောင်းမှ တထွာခန့်ဖြတ်ယူ၍ အခင်းသစ်ကို ပြုရမည်။ အခင်းဟောင်းကို အလျင် မစွန့်ပစ်ရ၊ ဤအစီအစဉ် အတိုင်း မပြုခဲ့သော် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ် အာပတ်သင့်၏။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၃၅) ၁၆။ ဧဠက လောမဓောဝါပန သိက္ခာပုဒ်

ရဟန်းသည် ဘိက္ခုနီမအား သိုးမွေးများကို အဖွပ် အလျှော်မခိုင်းရ၊ ခိုင်းခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ ကပိလဝတ်ပြည် နိဂြောဓါရုံ ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၃၆) ၁၇။ ငွေဘာ လောမ သိက္ခာပုဒ်

ရဟန်းသည် အလှူခံပြီး သိုးမွေးထုပ်ကို ၃-ယူဇနာ ထက်လွန်၍ မယူဆောင်ရ၊ ယူဆောင်ခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်း တော်၌ ဆဗ္ဗဂ္ဂီ ရဟန်း များ ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၃၇) ၁၈။ ရူပိယ သိက္ခာပုဒ်

ရဟန်းသည် ရွှေငွေကို အလှူမခံရ၊ အလှူခံခဲ့သော် စွန့်ပင်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၃၈) ၁၉။ ရူပိယ သံဝေါဟာရ သိက္ခာပုဒ်

ရဟန်းသည် အပ်သော သပိတ်သင်္ကန်း စသည်ကို မအပ်သော ရွှေငွေနှင့် လဲလှယ်ခြင်းမပြုရ၊ ပြုခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်း များကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၃၉) ၂၀။ ကယဝိက္ကယ သိက္ခာပုဒ်

ရဟန်းသည် အပ်စပ်သော သင်္ကန်း စသည်တို့ကို လဲလှယ်ခြင်း ဖလှယ်ခြင်းမပြုရ၊ ပြုခဲ့သော် စွန့်ခြင်း

ဝိနည်းကံရှိသော ပါစိအာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၄၀) ၂၁။ ပတ္တ သိက္ခာပုဒ်

ရဟန်းသည် သပိတ်အပိုဆောင်မထားရ၊ ထားရှိခဲ့သော် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိအာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

(၄၁) ၂၂။ ဦနပဉ္စဗန္ဓ သိက္ခာပုဒ်

ရဟန်းသည် အဖွဲ့အချုပ် ငါးခုမပြည့်သေးမီ သပိတ်သစ်ကိုမတောင်းခံရ၊ တောင်းခံခဲ့သော် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်းတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

(၄၂) ၂၃။ ဘေသဇ္ဇ သိက္ခာပုဒ်

ရဟန်းသည် ထောပတ်၊ ဆီ၊ဆီဦး၊ပျားရည်၊တင်လဲ ဤဆေးငါးမျိုးကို (၇)ရက်ထက် ပို၍ထားပြီး မသုံးဆောင်ရ၊ (၇)ရက်လွန်သော် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ် အာပတ် သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

## (၄၃) ၂၄။ ဝဿိက သာဋိကာ သိက္ခာပုဒ်

ရဟန်းသည် တန်ဆောင်မုန်းလပြည့်ကျော် တရက်မှ နယုန်လကွယ်အတွင်း မိုးရေခံသင်္ကန်းကို ရှာမှီး၍ ဝတ်ငြားအံ့၊ ထိုသင်္ကန်းကို စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

## (၄၄) ၂၅။ စီဝရ အစ္ဆိန္ဒန သိက္ခာပုဒ်

ရဟန်းသည် ကိုယ်တိုင် သင်္ကန်းပေးပြီးမှ ဒေါသ အမျက်ထွက်၍ ပြန်လုမယူရ၊ လုယူခဲ့လျှင် ထိုသင်္ကန်းသည် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူသည်။

## (၄၅) ၂၆။ သုတ္တ ဝိညတ္တိ သိက္ခာပုဒ်

ရဟန်းသည် ချည်ကို ကိုယ်တိုင်တောင်း၍ ယက်ကန်းသည်ထံ အယက်မခိုင်းရ၊ ခိုင်းရ၍ရသော် ထိုသင်္ကန်းသည် စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၄၆) ၂၇။ မဟာ ပေသကရ သိက္ခာပုဒ်

ရဟန်းသည် မိမိအားရည်စူး၍ ယက်သော သင်္ကန်းအတွက် ယက်ကန်းသည်ထံချည်းကပ်၍ သင်္ကန်းများ ကောင်းမွန်အောင် မစီမံ မဆော်သြရ၊ စီမံ ဆော်သြသည့်အတိုင်း ရရှိခဲ့သော် စွန့်ခြင်း ဝိနည်းကံ ရှိသော ပါစိတ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင် ဥပနန္ဒာကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၄၇) ၂၈။ အစ္စေက စီဝရ သိက္ခာပုဒ်

ရဟန်းသည်အဆောတလျင်လှူအပ်သော သင်္ကန်းကို အခိဋ္ဌာန် ဝိကပ္ပနာမပြုပဲ သင်္ကန်းကာလထက် အလွန်မထားရ၊ ထားခဲ့လျှင် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၄၈) ၂၉။ သာသင်္ကာ သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်း သုံးထည်ကို သုံးည၌ထက် အလွန် ကင်း၍ မနေရ၊ နေခဲ့သော် စွန့်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တောကျောင်းနေ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

ပေယျာလဥစာပေ

(၄၉) ၃၀။ ပရိဏာတ သိက္ခာပုဒ်

ရဟန်းသည် သံဃိက အလှူပစ္စည်းကို မိမိသို့ညွတ်အောင် မပြုရ၊ ပြု၍ ရခဲ့သော်၊ စွန့်ခြင်း ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် ၃၀ ပြီး၏။)

သုဒ္ဓပါစိတ် သိက္ခာပုဒ် (၉၂) ပါး

(၅၀) ၁။ မုသာဝါဒ သိက္ခာပုဒ်

ရဟန်းသည် လိမ်မပြောရ၊ ပြောခဲ့လျှင် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဟတ္ထကကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၅၁) ၂။ ဩမသ ဝါဒ သိက္ခာပုဒ်

ရဟန်းသည် သူတပါး မခံသာအောင် နှုတ်လုံ ထိုးခြင်း မပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၅၂) ၃။ ပေသုည သိက္ခာပုဒ်

ရဟန်းသည် ဂုံးတိုက်ခြင်းမပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂိရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၅၃) ၄။ ပဒသောဓမ္မ သိက္ခာပုဒ်

ရဟန်းသည် ရဟန်းမဟုတ်သောသူအား ပါဠိ အဋ္ဌကထာကို ပုဒ်ပြိုင်မပို့ချရ၊ ပို့ချခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂိရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၅၄) ၅။ ပဌမ သဟသေယျ သိက္ခာပုဒ်

ရဟန်းသည် လူတို့နှင့် အတူ တမိုး တကျောင်း တနေရာတည်း၌ မအိပ်ရ၊ အိပ်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ အာဠဝီပြည် အဂ္ဂါဠဝစေတီတော်၌ ရဟန်းအများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၅၅) ၆။ ဒုတိယ သဟသေယျ သိက္ခာပုဒ်

ရဟန်းသည် မိန်းမနှင့် အမိုးအကာတူသော နေရာ၌ မအိပ်ရ၊ အိပ်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင် အနုရုဒ္ဓါကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၅၆) ၇။ ဓမ္မ ဒေသနာ သိက္ခာပုဒ်

ရဟန်းသည် ပါဠိ အဋ္ဌကထာကို ငါးခွန်း ခြောက်ခွန်းထက်ပို၍ မိန်းမအား တရားမဟောရ၊ ဟောခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင် ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၅၇) ၈။ ဘူတာ ရောစန သိက္ခာပုဒ်

ရဟန်းသည် ဈာန်၊ မဂ်ဖိုလ် ရရှိကြောင်း မပြောရ၊ ပြောခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ဝေသာလီပြည် ကုဋာဂါရ ကျောင်းတော်၌ ရဟန်းများကို အကြောင်း ပြု၍ ပညတ်တော်မူသည်။

(၅၈) ၉။ ဒုဋ္ဌုလ္လာ ရောစန သိက္ခာပုဒ်

ရဟန်းသည် သမုတိမရပဲ ရုန့်ရင်းကြမ်းတမ်းသော ရဟန်း၏အပြစ် အမှုကို ရဟန်းမဟုတ်သူအား မပြောကြားရ၊ ပြောကြားခဲ့သော် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၅၉) ၁၀။ ပထဝီ ခဏန သိက္ခာပုဒ်

ရဟန်းသည် မြေကိုမတူးအပ် တူးခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ အာဠဝီပြည် အဂ္ဂါဠဝ စေတီတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၆၀) ၁၁။ ဘူတဂါမ သိက္ခာပုဒ်

ရဟန်းသည် သစ်ပင်ကို မခုတ်ရ၊ ခုတ်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ အာဠဝီပြည် အဂ္ဂါဠဝ စေတီတော်၌ မထင်ရှားသော ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၆၁) ၁၂။ အညဝါဒက သိက္ခာပုဒ်

ရဟန်းသည် မေးသည်မှတပါး စကားလွှဲ၍ပြောဆိုခြင်းမျိုးမပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်၌ အရှင်ဆန္နကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၆၂) ၁၃။ ဥဇ္ဈာပနက သိက္ခာပုဒ်

ရဟန်းသည် သူတပါးကို မကဲ့ရဲ့ မရှုတ်ချရ၊ ကဲ့ရဲ့ ရှုတ်ချခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ မေတ္တိယ ဘူမဇက ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

(၆၄) ၁၅။ ပထမ သေနာသန သိက္ခာပုဒ်

ရဟန်းသည် သံဃိကကုဋင် ညောင်စောင်းကို လွင်တီးခေါင်၌ ခင်းထိုင်ပြီး မသိမ်းပဲ တပါးပါးကို မပန်ကြားပဲ မသွားရ၊ သွားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သတ္တရသဂ္ဂိ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၆၅) ၁၆။ အနုပခဇ္ဇ သိက္ခာပုဒ်

ရဟန်းသည် ထေရ်ဝါကြီးသော ပုဂ္ဂိုလ်တို့၏ နေရာကို အနိုင်အထက် တိုးဝှေ့၍ မအိပ်ရ၊ အိပ်ခဲ့သော်၊ သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၆၆) ၁၇။ နိက္ကဍ္ဎ သိက္ခာပုဒ်

ရဟန်းသည် အခြားရဟန်းကို သံဃိက ကျောင်းမှ နှင်ထုတ်ခြင်းမပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ် သင့်၏။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၆၇) ၁၈။ ဝေဟာသ ကုဋိ သိက္ခာပုဒ်

ရဟန်းသည် ကြမ်းခင်းကဲ့ကဲ့ (နင်းကျိုးနင်းကျံ့) ရှိသော အပေါ်ထပ်၌ ညောင်စောင်းခင်း၍ မအိပ်ရ၊

အိပ်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မသင်မရှား ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူသည်။

## (၆၈) ၁၉။ မဟလ္လက ဝိဟာရ သိက္ခာပုဒ်

ရဟန်းသည်ကျောင်းကို အကြိမ်ကြိမ် အမှုန်းအခြယ် စီမံခြင်းမျိုးမပြုရ၊ ပြုခဲ့သော်သုဒ္ဓပါစိတ်အာပတ်သင့်၏။ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်၌ အရှင်ဆန္နကို အကြောင်းပြု၍ ပညတ်တော်မူသည်။

## (၆၉) ၂၀။ သပ္ပါဏက သိက္ခာပုဒ်

ရဟန်းသည် ပိုးလောက်ရှိသောရေကို မြေပေါ်၌ မသွန်ရ၊ သွန်ခဲ့သော် သုဒ္ဓပါစိတ် အာပတ် သင့်၏။ အာဠဝီပြည် အဂ္ဂါဠဝစေတီတော်၌ ရဟန်း အများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

## (၇၀) ၂၁။ ဩဝါဒ သိက္ခာပုဒ်

ရဟန်းသည် သမုတိမရဘဲ ဘိက္ခုနီမကို မဆုံးမရ၊ ဆုံးမခဲ့သော် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတ ဝန် ကျောင်း တော် ၌ ဆဗ္ဗဂ္ဂီ ရ ဟန်း များကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

ပေယျိဦးစာပေ

(၇၁) ၂၂။ အတ္ထင်္ဂတ သိက္ခာပုဒ်

ရဟန်းသည် သမုတိရသော်လည်း နေဝင်သည်အထိ ဩဝါဒမပေးရ၊ မဆုံးမရ၊ ဆုံးမခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင်စူဠပန္ထကကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၇၂) ၂၃။ ဘိက္ခု နုပဿယ သိက္ခာပုဒ်

ရဟန်းသည် ဘိက္ခုနီမကျောင်းသို့ သွား၍ အဆုံးအမ မပေးရ၊ ပေးခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၇၃) ၂၄။ အာမိသ သိက္ခာပုဒ်

ရဟန်းသည် အာမိသ(အပူဇော်)ကို အလိုရှိသောကြောင့် ရဟန်းတို့သည်ဘိက္ခုနီမကိုဩဝါဒပေးကုန်၏-စသည်ဖြင့် မကဲ့ရဲ့မစွပ်စွဲရ၊ ကဲ့ရဲ့စွပ်စွဲခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၇၄) ၂၅။ စီဝရ ဒါန သိက္ခာပုဒ်

ရဟန်းသည် ဘိက္ခုနီမအား သင်္ကန်းမပေးရ၊ ပေးခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည်

ဇေတဝန်ကျောင်းတော်၌ မထင်မရှား ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၇၅) ၂၆။ စိတု သိဗ္ဗန သိက္ခာပုဒ်

ရဟန်းသည် ဘိက္ခုနီမအား သင်္ကန်းချုပ်မပေးရ၊ ပေးခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥဒါယီကို အကြောင်းပြု၍ပညတ်တော်မူသည်။

(၇၆) ၂၇။ သံဝိဒါန သိက္ခာပုဒ်

ရဟန်းသည်ဘိက္ခုနီမနှင့်တိုင်ပင်၍ခရီးအတူမသွားရ၊ သွားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။သာဝတ္ထိပြည် ဇေတဝန် ကျောင်း တော် ၌ ဆဗ္ဗဂ္ဂီ ရဟန်း များ ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၇၇) ၂၈။ နာဝါဘိရုဟန သိက္ခာပုဒ်

ရဟန်းသည် ဘိက္ခုနီမနှင့် လှေအတူထိုင်၍ စီးကာ ခရီးမထွက်ရ၊ထွက်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်း များကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၇၈) ၂၉။ ပရိပါစိတ သိက္ခာပုဒ်

ရဟန်းသည် ဘိက္ခုနီမ စီစဉ်သောဆွမ်းကို မစားရ၊ စားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည်

ဝေဠုဝန်ကျောင်းတော်၌အရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၄၉) ၃၀။ ရထောနိသဇ္ဇ သိက္ခာပုဒ်

ရဟန်းသည် ဘိက္ခုနီမနှင့်အတူ ဆိတ်ကွယ်ရာအရပ်၌ မနေရ၊ နေခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥဒါယီကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၅၀) ၃၁။ အာဝသထပိဏ္ဍ သိက္ခာပုဒ်

ရဟန်းသည် တည်းခိုရာအရပ်၌ ထားသော ဆွမ်းကို တကြိမ်ထက် ပို၍မစားရ၊ စားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၅၁) ၃၂။ ဂဏ ဘောဇန သိက္ခာပုဒ်

ရဟန်းသည် ဂိုဏ်းအား လူတို့မအပ်သော နည်းဖြင့် ဖိတ်ထားသော ဆွမ်းကို နာဖျားသော အခါ စသော စားသင့်သောအခါမှ တပါး မစားရ၊ စားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ အရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၈၂) ၃၃။ ပရမ္ပရ ဘောဇန သိက္ခာပုဒ်

ရဟန်းသည် ရှေးဦးဖိတ်သူ၏ဆွမ်းဘောဇဉ်ကို မစားပဲ၊ နောက်ဖိတ်သောသူ၏ ဆွမ်းဘောဇဉ်ကို မစားရ၊ စားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ဝေသာလီပြည် ကူဋာဂါရကျောင်းတော်၌ ရဟန်းအများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၈၃) ၃၄။ ကာဏမာတ သိက္ခာပုဒ်

ရဟန်းသည် ပင့်ဖိတ်ခဲ့သောလက်ဆောင်နှင့်ခရီးသွားရိက္ခာဖြစ်သော မုန့်တို့ကို သုံးသပိတ်ထက်ပို၍ အလှူမခံရ၊ အလှူခံပြီး လျှင် လည်း သံဃာ အများ နှင့် ဝေငှဘုန်းပေးရမည်။ မလိုက်နာပါက သုဒ္ဓပါစိတ် အာပတ်သင့်၏။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းအများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၈၄) ၃၅။ ပထမ ပဝါရဏာ သိက္ခာပုဒ်

ရဟန်းသည် 'တော်ပြီ'ဟု တားမြစ်ပြီးမှ ထပ်ထည့်၍ မစားရ၊ စားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းအများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၈၅) ၃၆။ ဒုတိယ ပဝါရိတ သိက္ခာပုဒ်

ရဟန်းသည် 'တော်ပြီ'ဟုတားမြစ်ကာ စားပြီးရဟန်းကို (၈၄) အာပတ်သင့် စေလို၍ တမင် နောက်ထပ်

---

စပယ်ဦးစာပေ

တိုက်တွန်း ကျွေးမွေးအံ့၊ ထိုရဟန်းလည်း ဘုဉ်းပေးအံ့၊ သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းအများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆) ၃၇။ ဝိကာလ ဘောဇန သိက္ခာပုဒ်

ရဟန်းသည် နေ့လွဲသောအခါ ခဲဘွယ်ဘောဇဉ်ကို မစားရ၊ စားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သတ္တရသဝဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇) ၃၈။ သိန္နိဓိကာရက သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းစသော ဘောဇဉ်ကို နောက်နေ့အတွက် သိုမှီးသိမ်းဆည်း မထားရ၊ ထားခဲ့သော် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ပေလဋ္ဌသီသကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၈) ၃၉။ ပဏီတ ဘောဇန သိက္ခာပုဒ်

ရဟန်းသည်ထောပတ်စသောမွန်မြတ်သောဘောဇဉ်ကိုမိမိအတွက် တောင်းခံ၍ မဘုဉ်းပေးရ၊ ဘုန်းပေးခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ပညတ်တော်မူခဲ့သည်။

---

ပေယျာလဦးစာပေ

(၈၉) ၄၀။ ဒန္တပေါန သိက္ခာပုဒ်

ရဟန်းသည် ရေ၊ ဒန်ပူမှလွဲ၍ အကပ်မခံပဲ့ မဘုဉ်းပေးရ၊ ဘုဉ်းပေးခဲ့သော သုဒ္ဓပါစိတ် အာပတ်သင့်၏။ ဝေသာလီပြည် ကူဋာဂါရ ကျောင်းတော်၌ မထင်ရှားသော ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၉၀) ၄၁။ အစေလက သိက္ခာပုဒ်

ရဟန်းသည် အစေလကတက္ကတွန်းနှင့် ပရဗိုဇ်အားကိုယ်တိုင် ဘောဇဉ်ကိုမပေးရ၊ ပေးခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတော်၌ အရှင်အာနန္ဒာကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၉၁) ၄၂။ ဥယျောဇန သိက္ခာပုဒ်

ရဟန်းသည် ရဟန်းအား ဆွမ်းခံအတူသွားရန် ခေါ်သွားပြီးမှ ပြန်မလွှတ်ရ၊ လွှတ်ခဲ့သော် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၉၂) ၄၃။ အဘောဇန သိက္ခာပုဒ်

ရဟန်းသည် လင်မယားနှစ်ယောက်သာ နေသောအခန်းသို့ မဝင်ရ၊ မနေရ၊ ဝင်၍နေထိုင်ခဲ့သော် သုဒ္ဓ

ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၉၃) ၄၄။ ရဟောပဋိစ္ဆန္န သိက္ခာပုဒ်

ရဟန်းသည် အကွယ်အကာ ရှိရာအရပ်၌ မိန်းမနှင့် အတူမနေထိုင်ရ၊ နေထိုင်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၉၄) ၄၅။ ရဟောနိသဇ္ဇ သိက္ခာပုဒ်

ရဟန်းသည် အကွယ်အကာ မရှိသော်လည်း နှစ်ယောက်တည်း စကားပြောသံ မကြားနိုင်သော လွင်ပြင်အရပ်၌ မိန်းမနှင့် မနေထိုင်ရ၊ နေထိုင်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင် ဥပနန္ဒကိုအကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

(၉၅) ၄၆။ စာရိတ္တ သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းစား ပင့်ထားလျက် အခြားအိမ်များသို့ လှည့်လည် မနေရ၊ နေခဲ့သော် သုဒ္ဓ ပါစိတ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ အရှင် ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော် မူသည်။

---

စပယ်ဦးစာပေ

(၉၆) ၄၇။ မဟာနာမ သိက္ခာပုဒ်

ရဟန်းသည် ဆေးပစ္စည်းဖြင့် တသက်တာ အတွက် ဖိတ်ထားခြင်းမှတပါး ယာယီဖိတ်ကြားခြင်းကို လေးလ မျှသာ သာယာနိုင်၏။ ထိုထက်အလွန် သာယာခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌ ဆဗ္ဗဂ္ဂိရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၉၇) ၄၈။ ဥယျုတ္တသေနာ သိက္ခာပုဒ်

ရဟန်းသည် စစ်ထွက်သည်ကို မကြည့်ရှုရ၊ ကြည့်ရှု ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။သာဝတ္ထိပြည် ဇေ တဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂိရဟန်းများကို အကြောင်း ပြု၍ ပညတ်တော်မူသည်။

(၉၈) ၄၉။ သေနာဝါသ သိက္ခာပုဒ်

ရဟန်းသည် အကြောင်းမရှိပဲ စစ်တပ်တွင် နှစ်ညဥ့် သုံးညဥ့်ထက် ပိုမအိပ်ရ၊အိပ်ခဲ့သော် သုဒ္ဓပါစိတ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂိ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

(၉၉) ၅၀။ ဥယျောဓိက သိက္ခာပုဒ်

ရဟန်းသည် စစ်ရေးပြရာ အရပ်သို့ သွားရောက် မကြည့်ရ၊ ကြည့်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၀၀) ၅၁။ သုရာပါန သိက္ခာပုဒ်

ရဟန်းသည် အရက်မသောက်ရ၊ သောက်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ကောသမ္ဗီပြည်၌ အရှင် သာဂတကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၀၁) ၅၂။ အင်္ဂုလိပတောဒ သိက္ခာပုဒ်

ရဟန်းသည် ရဟန်းအား ကလိထိုး၍ မကစားရ၊ ကစားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၀၂) ၅၃။ ဟသဓမ္မ သိက္ခာပုဒ်

ရဟန်းသည် ရေ၌ ကစားမြူးတူးခြင်း မပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သတ္တရသဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၀၃) ၅၄။ အနာဒရိယ သိက္ခာပုဒ်

ရဟန်းသည် ရဟန်းတို့အား မရိုမသေမပြုရ၊ ပြုခဲ့ သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ကောသမ္ဗီပြည်

ဃောသိတာရုံ ကျောင်းတော်၌ အရှင် ဆန္နကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၀၄) ၅၅။ ဘိသာပန သိက္ခာပုဒ်

ရဟန်းသည် ရဟန်းအား မချောက် လှန့်ရ၊ ချောက်လှန့်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်း များကို အကြောင်း ပြု၍ ပညတ်တော် မူသည်။

(၁၀၅) ၅၆။ ဇောတိ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ မီးဖို၍ မီးမလှုံရ၊လှုံခဲ့ သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သုသုမာရဂိရိမြို့ ပဲစဥ်းငုံတောဝ၌ ရဟန်းအများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၀၆) ၅၇။ နဟာန သိက္ခာပုဒ်

ရဟန်းသည် တကြိမ်ချိုးပြီး နောက် (၁၅) ရက် အတွင်း ရေမချိုးရ၊ ချိုးခဲ့သော် သုဒ္ဓပါစိတ် အာပတ် သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ရဟန်း အများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

---

စပယ်ဒီးစာပေ

(၁၀၇) ၅၈။ ဒုဗ္ဗဏ္ဏ ကရဏ သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်းအသစ်ကို ကပ္ပိဗိန္ဒုမထိုးပဲ မဝတ်ရ၊ ဝတ်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၀၈) ၅၉။ ဝိကပ္ပနာ သိက္ခာပုဒ်

ရဟန်းသည် မိစ္ဆုဒ္ဒိုရ်သော သင်္ကန်းကို မသုံးရ၊ သုံးဆောင်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

(၁၀၉) ၆၀။ စီဝရ အပနိဓာန သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်းသပိတ်ကို ဝှက်မကစားရ၊ ဝှက်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(သုရာပါနဝဂ် ပြီး၏။)

(၁၁၀) ၆၁။ သဉ္စိစ္စ သိက္ခာပုဒ်

ရဟန်းသည် သူတပါး အသက်ကို မသတ်ရ၊ သတ်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိ

---

စပယ်ဦးစာပေ

ပြည် ဇေတဝန် ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။ (ပထမ ပါရာဇိကသိက္ခာပုဒ်၌ လူကိုသတ်ခြင်း ဖြစ်၏။ ဤ သိက္ခာပုဒ်၌ လူမှတပါး သတ္တဝါအသက်ကို သတ် ခြင်းဖြစ်၏။ ဤသို့ထူး၏။)

(၁၁၁) ၆၂။ သပ္ပါဏက သိက္ခာပုဒ်

ရဟန်းသည် ပိုးရှိသောရေကို မသောက်ရ၊ သောက်ခဲ့သော် သုဒ္ဓပါစိတ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၁၂) ၆၃။ ဥက္ကောဋန သိက္ခာပုဒ်

ရဟန်းသည် အဓိကရုန်းဖြစ်ပေါ်အောင် မလှုံ့ ဆော်ရ၊ လှုံ့ဆော်ခဲ့သော် သုဒ္ဓပါစိတ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၁၁၃) ၆၄။ ဒုဋ္ဌုလ္လ သိက္ခာပုဒ်

ရဟန်းသည် ရဟန်း၏ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို သိလျက်နှင့် ဖုံးကွယ်မထားရ၊ ဖုံးကွယ် ထားခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိ

ပြည် ဇေတဝန်ကျောင်းတော်၌ မထင်ရှားသော ရဟန်း တပါးကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၁၁၄) ၆၅။ ဦနဝီသတိဝသ သိက္ခာပုဒ်

ရဟန်းသည် အသက်(၂၀)မပြည့်သူကို ရဟန်း ခံမပေးရ၊ ပေးခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရဟန်း အများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၁၅) ၆၆။ ထေယျသတ္တ သိက္ခာပုဒ်

ရဟန်းသည် သူခိုးနှင့်အတူ ခရီးမသွားရ၊ သွား ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မထင်ရှားသော ရဟန်း တပါးကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၁၆) ၆၇။ သံဝိဓါန သိက္ခာပုဒ်

ရဟန်းသည် မိန်းမနှင့် တိုင်ပင်၍ ခရီးအတူ မသွားရ၊ သွားခဲ့သော် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မထင် မရှား ရဟန်းတပါးကို အကြောင်းပြု၍ ပညတ် တော်မူသည်။

---

စပယ်ဦးစာပေ

(၁၁၇) ၆၇။ အရိဋ္ဌ သိက္ခာပုဒ်

ရဟန်းသည် ဝိနည်းသိက္ခာပုဒ်ကို ပျက်ရယ်ပြု၍ အယူမဖောက်ပြန်ရ၊ ဖောက်ပြန်၍ သုံးကြိမ် ဆိုဆုံးမ၍ မရသော် အယူမစွန့်က သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရိဋ္ဌရဟန်းကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၁၈) ၆၉။ ဥက္ခိတသမ္ဘောဂ သိက္ခာပုဒ်

ရဟန်းသည် သံဃာက ကြဉ်ထားသော ရဟန်းနှင့် မပေါင်းသင်းရ၊ ပေါင်းသင်းခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၁၉) ၇၀။ ကဏ္ဋက သိက္ခာပုဒ်

ရဟန်းသည် သံဃာက ကြဉ်ထားသော သာမဏေနှင့် မပေါင်းသင်းရ၊ ပေါင်းသင်းခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီဘုန်းကြီးများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၁၂၀) ၇၁။ သဟဓမ္မိက သိက္ခာပုဒ်

ရဟန်းသည် ဝိနည်းသိက္ခာပုဒ်ကို မလေးမစား မပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတော်၌ အရှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၂၁) ၇၂။ ဝိလေခန သိက္ခာပုဒ်

ရဟန်းသည် ဝိနည်းသိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းမပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၂၂) ၇၃။ မောဟန သိက္ခာပုဒ်

ရဟန်းသည် သိက္ခာပုဒ်ကိုသိလျက် ကျူးလွန်ပြီးမှ မသိဟန်မဆောင်ရ၊ မသိဟန်ဆောင်နေခဲ့ပါက သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၂၃) ၇၄။ ပဟာရ သိက္ခာပုဒ်

ရဟန်းသည် ရဟန်းအား ဒေါသဖြင့် ရိုက်နှက်ခြင်းမပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၂၄) ၇၅။ တလသတ္တိက သိက္ခာပုဒ်

ရဟန်းသည် ရဟန်းအား ဒေါသဖြင့်ရိုက်နှက်ရန် မရွယ်အပ်၊ ရွယ်ခဲ့သော် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၁၂၅) ၇၆။ အမူလက သိက္ခာပုဒ်

ရဟန်းသည် ရဟန်းအား ခိုင်လုံသော အကြောင်းမရှိပဲ သံဃာဒိသိသ်အာပတ်ဖြင့် မစွပ်စွဲရ၊ စွပ်စွဲခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၂၆) ၇၇။ သဥ္စိစ္စ သိက္ခာပုဒ်

ရဟန်းသည် ရဟန်းအား တခဏစိတ်မချမ်းသာ မှုကို ဖြစ်စေအောင် မပြုရ၊ ပြုခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

(၁၂၇) ၇၈။ ဥပဿုတိ သိက္ခာပုဒ်

ရဟန်းသည် အငြင်းပွားရန်ဖြစ်ဖူးသော ရဟန်းများ၏ ပြောစကားကို သိကြား၍ ပြန်လည်ချေပရန်ဟူသော ရည်ရွယ်ချက်ဖြင့် တစေ့တစောင်း ချောင်း၍ နားမထောင်ရ၊ နားထောင်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၂၈) ၇၉။ ရဟန်းသည် သံဃာပြုသောကံကို မဲဆန္ဒပေးပြီးမှ မရှုတ်ချရ၊ ရှုတ်ချခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ပညတ်တော်မူသည်။

(၁၂၉) ၈၀။ ဆန္ဒံအဒတွာဂမန သိက္ခာပုဒ်

ရဟန်းသည် သံဃာဝိနိစ္ဆယပြုနေစဉ်အတွင်း ဆန္ဒမဲမပေးပဲ နေရာမှ ထမသွားရ၊ သွားခဲ့သော် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

(၁၃၀)　၈၁။ ဒုဗ္ဗလ သိက္ခာပုဒ်

ရဟန်းသည် သံဃာနှင့်အတူ သင်္ကန်းကိုပေးပြီးမှ မရှုတ်ချရ၊ မကဲ့ရဲ့ရ၊ ရှုတ်ချကဲ့ရဲ့ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၃၁)　၈၂။ ပရိဏာမန သိက္ခာပုဒ်

ရဟန်းသည် သံဃိကလာဘ်ကိုပုဂ္ဂိုလ်သို့မပြောင်းရ၊ ပြောင်းခဲ့သော သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၃၂)　၈၃။ အန္တေပုရ သိက္ခာပုဒ်

ရဟန်းသည် ကြိုတင်အကြောင်းမကြားပဲ နန်းတွင်းသို့ မဝင်ရ၊ ဝင်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင်အာနန္ဒာကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စာယဦးစာပေ

(၁၃၃) ၈၄။ ရတန သိက္ခာပုဒ်

ရဟန်းသည် ရတနာကိုမကိုင်ရ၊ ကိုင်ခဲ့သော် သုဒ္ဓပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မထင်ရှားသော ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၃၄) ၈၅။ ဝိကာလဂါမပဝေသန သိက္ခာပုဒ်

ရဟန်းသည် မွန်းလွဲသောအခါ မြို့ရွာတွင်းသို့ မဝင်ရ၊ ဝင်ခဲ့သော် သုဒ္ဓပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၃၅) ၈၆။ သုစိဃရ သိက္ခာပုဒ်

ရဟန်းသည် အရိုးအပ်ဗူး၊ ဆင်စွယ်ဗူးကို မပြုရ၊ ပြုခဲ့သော် ခွဲခြင်း ရှေးရှိသော ပါစိတ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၃၆) ၈၇။ မဉ္စပီဌ သိက္ခာပုဒ်

ရဟန်းသည် ဘုရား လက်ရှစ်သစ်ထက်ရှည်သော အခြေရှိသည့် ကုတင်၊ ညောင်စောင်းကို အသုံး

မပြုရ၊ ပြုခဲ့သော် ဖြတ်ခြင်းကံရှိသော ပါစိတ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အရှင်ဥပနန္ဒကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

(၁၃၇) ၈၈။ တူလောနဒ္ဓ သိက္ခာပုဒ်

ရဟန်းသည် ကုတင်၌ လဲမှို့သွတ်သော အခင်းဖြင့် မအိပ်ရ၊ အိပ်ခဲ့သော် လဲမှို့ကို ထုပ်ပစ်ခြင်းကံရှိသော ပါစိတ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၃၈) ၈၉။ နိသီဒန သိက္ခာပုဒ်

ရဟန်းသည် ဘုရား အထွာတော်ဖြင့် အလျားနှစ်ထွာ၊ အနံ တထွာခွဲ ပမာဏထက်လွန်သော နိသီဒိုင် အခင်းကိုမပြုရ၊ ပြုခဲ့လျှင် ဖြတ်ခြင်းကံရှိသော ပါစိတ်အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၃၉) ၉၀။ ကဏ္ဍုပ္ပဋိစ္ဆာဒိ သိက္ခာပုဒ်

ရဟန်းသည် ဘုရားအထွာတော်ဖြင့် အလျားလေးထွာ၊ အနံနှစ်ထွာ ပမာဏထက် လွန်သော

အနှောဖုံးလွှမ်းသက်နှင့်ကို မပြုရ၊ ပြုခဲ့သော် ဖြတ်ခြင်းကံရှိသော ပါစိတ်အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄၀) ၉၁။ ဝဿိက သာဋိက သိက္ခာပုဒ်

ရဟန်းသည် ဘုရားအထွာတော်ဖြင့် အလျား ၆ ထွာ၊ အနံ ၂ ထွာခွဲ ပမာဏထက် လွန်သော မိုးရေခံသက်နှင့်ကို မပြုရ၊ ပြုခဲ့သော် ဖြတ်ခြင်းကံရှိသော ပါစိတ်အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄၁) ၉၂။ နန္ဒ သိက္ခာပုဒ်

ရဟန်းသည် ဘုရားသက်နှင်းနှင့် အရွယ်တူကို လည်းကောင်း၊ ကြီးသည်ကို လည်းကောင်း မပြုရ၊ ပြုခဲ့သော် ဖြတ်ခြင်း ကံရှိသော ပါစိတ်အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ အရှင်နန္ဒကို အကြောင်းပြု၍ ပညတ်တော်မူသည်။

( သုဒ္ဓပါစိတ် ၉၂-ပါး ပြီး၏။ )

---

ပေယ်ဦးစာပေ

## ပါဋိဒေသနီ သိက္ခာပုဒ်(၄)ပါး

(၁၄၂) ၁။ ပထမ ပါဋိဒေသနီယ သိက္ခာပုဒ်

ရဟန်းသည် ဘိက္ခုနီတို့ထံမှ ဆွမ်းကိုအလှူမခံရ၊ အလှူခံသော် သီးခြား ဒေသနာပြောကြားအပ်သော ပါဋိဒေသနီ အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ မထင်မရှား ရဟန်းတပါးကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄၃) ၂။ ဒုတိယ ပါဋိဒေသနီယ သိက္ခာပုဒ်

ရဟန်းသည် ပင့်ဖိတ်သော ဆွမ်းကျွေးအိမ်၌ ဘိက္ခုနီမများ စီမံဆောင်ရွက်နေသည်ကို မတားမြစ်ပဲ မနေရ၊ နေခဲ့သော် သီးခြား ဒေသနာပြောကြား အပ်သော ပါဋိဒေသနီ အာပတ်သင့်၏။ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄၄) ၃။ တတိယ ပါဋိဒေသနီယ သိက္ခာပုဒ်

ရဟန်းသည် ပစ္စေကဗုဟ သမုတ်အပ်သောအမျိုးတို့ အိမ်၌ ဖိတ်ကြားခြင်းမရှိ၊ ဖျားနာမှုရောဂါမရှိပဲ ဆွမ်းဘောဇဉ်ကို မခံယူရ၊ ခံယူခဲ့သော် သီးခြား ဒေသနာပြောကြားအပ်သော ပါဋိဒေသနီ အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌

ရဟန်းအများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄၅) ၄။ စတုတ္ထ ပါဋိဒေသနိယ သိက္ခာပုဒ်

ရဟန်းသည် မိမိ၏ တောရကျောင်း အနီး၌ ဘေးရန်ရှိလျှင် လူတို့အား ကြိုတင် အသိမပေးပဲ မနေရ၊ အရာမ်ဘောဇဥ်တို့ကိုလည်း အလှူခံမစားရ၊ စားခဲ့သော် သီးခြား ဒေသနာပြောကြားအပ်သော ပါဋိဒေသနီ အာပတ်သင့်၏။ ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်၌ တောကျောင်းနေ ရဟန်းများကို အကြောင်းပြု၍ပညတ်တော်မူသည်။

(ပါဋိဒေသနီ သိက္ခာပုဒ် ၄ ပါး ပြီး၏။)

## သေခိယ သိက္ခာပုဒ် (၇၅)ပါး

(၁၄၆) ၁။ ပထမ ပရိမဏ္ဍလ သိက္ခာပုဒ်

ရဟန်းသည် သင်းပိုင်ကို အထက်ပိုင်း၌ ချက်ပတ်ဝန်းကျင်၊ အောက်ပိုင်းတွင် ဒူးဆစ် အောက် လက်လေးသစ်ဖုံးစေ၍ အဝန်းညီစွာ ဝတ်ရမည်။ မဝတ်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်း များ ကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄၇) ၂။ ဒုတိယ ပရိမဏ္ဍလ သိက္ခာပုဒ်

ရဟန်းသည် ကောသိ အပေါ်ရုံကိုရုံရာ၌ အဝန်းညီစွာဝတ်ရုံရမည်။ မဝတ်ရုံခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄၈) ၃။ ပထမ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်

ရဟန်းသည် လက်ကောက်ဝတ်တို့ကိုကောင်းစွာ ဖုံးလွှမ်းလျက် မြို့ရွာတွင်း၌ သွားလာရမည်။ မဖုံးလွှမ်းပဲ သွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၄၉) ၄။ ဒုတိယ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်

ရဟန်းသည် လက်ကောက်ဝတ်တို့ကိုကောင်းစွာ ဖုံးလွှမ်းလျက် မြို့ရွာတွင်း၌ နေထိုင်ရမည်။မနေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၁၅၀) ၅။ ပဌမ သုသံရတ သိက္ခာပုဒ်

ရဟန်းသည် ဂူန္ဓေကို ကောင်းစွာ စောင့်စည်းလျက် မြို့ရွာတွင်းသို့ သွားလာရမည်။ ယင်းသို့ မသွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၅၁) ၆။ ဒုတိယ သုသံရတ သိက္ခာပုဒ်

ရဟန်းသည် ဂူန္ဓေကို ကောင်းစွာ စောင့်စည်းလျက် မြို့တွင်း၌ နေထိုင်ရမည်။ ယင်းသို့ မနေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၅၂) ၇။ ပဌမ ဩက္ခိတ္တစက္ခု သိက္ခာပုဒ်

ရဟန်းသည် မိမိရှေ့ လေးတောင်ခန့်ကို သာ ကြည့်၍ မျက်လွှာချလျက် မြို့တွင်းသို့သွားရမည်။ ယင်းသို့ မသွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၁၅၃) ၈။ ဒုတိယ သြက္ခိတ္တက သိက္ခာပုဒ်

ရဟန်းသည် မိမိရှေ့ လေးတောင်ခန့်ကိုသာ ကြည့်၍ မျက်လွှာချလျက် မြို့တွင်း၌ နေထိုင်ရမည်။ ယင်းသို့ မနေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၅၄) ၉။ ပဌမ ဥက္ခိတ္တသိက္ခာပုဒ်

ရဟန်းသည် သင်္ကန်းကိုပင့်၍ မြို့တွင်း၌မသွားရ၊ သွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၅၅) ၁၀။ ဒုတိယ ဥက္ခိတ္တက သိက္ခာပုဒ်

ရဟန်းသည် သင်္ကန်းကိုပင့်၍မနေထိုင်ရ၊နေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၅၆) ၁၁။ ပဌမ ဥဇ္ဇဂ္ဃိက သိက္ခာပုဒ်

ရဟန်းသည် ပြင်းစွာရယ်မောလျက် မြို့တွင်းသို့ မသွားရ၊ သွားခဲ့သော် ဒုက္ကဋ် အာပတ် သင့်၏။

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၅၇) ၁၂။ ဒုတိယ ဥဇ္ဈဂ္ဃိက သိက္ခာပုဒ်

ရဟန်းသည် ပြင်းစွာ ရယ်မော လျက် မြို့တွင်း၌ မနေထိုင်ရ၊ နေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ပညတ်တော်မူသည်။

(၁၅၈) ၁၃။ ပဌမဥစ္စာသဒ္ဒ သိက္ခာပုဒ်

ရဟန်းသည် တိုးတိုးအသံဖြင့်သာ မြို့တွင်းသို့ သွားရမည်၊ မသွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်း တော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ပညတ်တော်မူသည်။

(၁၅၉) ၁၄။ ဒုတိယဥစ္စာ သဒ္ဒ သိက္ခာပုဒ်

ရဟန်းသည် တိုးတိုး အသံဖြင့်သာ မြို့တွင်း၌ နေထိုင်ရမည်၊ မနေထိုင်ခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်း ပြု၍ ပညတ် တော် မူခဲ့သည်။

(၁၆၀) ၁၅။ ပထမ ကာယပ္ပစာလက သိက္ခာပုဒ်

ရဟန်းသည်ကိုယ်လှုပ်ယမ်း၍မြို့တွင်းရွာတွင်းသို့ မသွားရ၊ သွားခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆၁) ၁၆။ ဒုတိယ ကာယပ္ပစာလက သိက္ခာပုဒ်

ရဟန်းသည် ကိုယ်ကို လှုပ်ယမ်း၍ မြို့ရွာတွင်း၌ မနေထိုင်ရ၊ နေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆၂) ၁၇။ ပထမ ဗာဟုပ္ပစာလက သိက္ခာပုဒ်

ရဟန်းသည် လက်မောင်းကို လှုပ်ယမ်း၍ မြို့ရွာတွင်းသို့မသွားရ၊ သွားရ သွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆၃) ၁၈။ ဒုတိယ ဗာဟုပ္ပစာလက သိက္ခာပုဒ်

ရဟန်းသည် လက်မောင်းကို လှုပ်ယမ်း၍ မြို့ရွာတွင်း၌မနေထိုင်ရ၊ နေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ်

သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆၄) ၁၉။ ပထမ သိသပွစာလကသိက္ခာပုဒ်

ရဟန်းသည် ဦးခေါင်းကိုလှုပ်ယမ်း၍ မြို့ရွာတွင်းသို့ မသွားရ၊ သွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆၅) ၂၀။ ဒုတိယ သိသပွစာလက သိက္ခာပုဒ်

ရဟန်းသည်ဦးခေါင်းကိုလှုပ်ယမ်း၍မြို့ရွာတွင်း၌ မနေထိုင်ရ၊ နေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆၆) ၂၁။ ပထမ ခမ္ဘကထ သိက္ခာပုဒ်

ရဟန်းသည်ခါးထောက်၍မြို့ရွာတွင်းသို့မသွားရ သွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၁၆၇) ၂၂။ ဒုတိယခမ္ဘကထ သိက္ခာပုဒ်

ရဟန်းသည် ခါးထောက်၍ မြို့ရွာတွင်း၌ မနေထိုင်ရ၊ နေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆၈) ၂၃။ ပထမ သြဂုဏ္ဌိတ သိက္ခာပုဒ်

ရဟန်းသည်ခေါင်းမြီးခြုံ၍မြို့ရွာတွင်း၌မသွားရ၊ သွားခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၆၉) ၂၄။ ဒုတိယ သြဂုဏ္ဌိတ သိက္ခာပုဒ်

ရဟန်းသည်ခေါင်းမြီးခြုံ၍ မြို့ရွာတွင်း၌မနေထိုင်ရ၊ နေထိုင်ခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၀) ၂၅။ ဥက္ကုဋိက သိက္ခာပုဒ်၊

ရဟန်းသည် ခြေလှမ်းခြေဖဝါးကို ဆွဲသကဲ့သို့ နင်း၍ ရွာတွင်း၌ မသွားလာရ၊ သွားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း

တော်၌ ဆဗ္ဗဂိ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၁) ၂၆။ ပလတ္ထိက သိက္ခာပုဒ်

ရဟန်းသည် အာယောဂပတ်ဖွဲ့၍ မြို့ရွာတွင်း၌ မနေထိုင်ရ၊ နေထိုင်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂိ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူခဲ့သည်။

(၁၇၂) ၂၇။ သက္ကစ္စ ပဋိဂ္ဂဟဏ သိက္ခာပုဒ်

ရဟန်းသည်ဆွမ်းကို ရိုသေစွာခံယူရမည်၊ယင်းသို့ မခံယူပါက ဒုက္ကဋ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂိ ရဟန်း များကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၃) ၂၈။ ပတ္တသညီ သိက္ခာပုဒ်

ရဟန်းသည် သပိတ်၌ အသိအမှတ်ထား၍ ဆွမ်း ခံရမည်၊ ယင်းသို့မခံယူပါက ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂိ ရဟန်းများကိုအကြောင်းပြု၍ပညတ်တော်မူသည်။

---

စပယ်ဦးစာပေ

(၁၇၄) ၂၉။ သမသူပကာ ပဋိဂ္ဂဟဏ သိက္ခာပုဒ်

ရဟန်းသည် ဆွမ်း၏ လေးဖို့ တဖို့ ဟင်းရှိသော ဆွမ်းကိုခံရမည်။ ယင်းသို့မခံပါက ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၅) ၃၀။ သမတိတ္တိက သိက္ခာပုဒ်

ရဟန်းသည် သပိတ်အတွင်းအနားရေးနှင့်ညီမျှရုံ ဆွမ်းကိုခံရမည်။ ယင်းသို့မခံပါက ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၆) ၃၁။ သက္ကစ္စ ဘုဉ္ဇန သိက္ခာပုဒ်

ရဟန်းသည်ဆွမ်းကိုရိုသေစွာစားရမည်။ယင်းသို့မစားပါက ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၇) ၃၂။ ပတ္တသညီ ဘုဉ္ဇန သိက္ခာပုဒ်

ရဟန်းသည် သပိတ်၌ အမှတ် သတိ ထား၍ ဆွမ်းကို စားရမည်။ မစားခဲ့သော် ဒုက္ကဋ် အာပတ်

သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၈) ၃၃။ သပဒါန သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းကိုအစဉ်အတိုင်း စားရမည်။ ယင်းသို့မစားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော် မူသည်။

(၁၇၉) ၃၄။ သမသူပက သိက္ခာပုဒ်

ရဟန်းသည်ဆွမ်း၏လေးဖို့တဖို့ဟင်းရှိသောဆွမ်းကို စားရမည်။ ယင်းသို့မစားခဲ့သော် ဒုက္ကဋ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၁၈၀) ၃၅။ နထူပကတ သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းကိုအလယ်မှ နှိပ်၍ မစားရ၊ ယင်းသို့စားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

(၁၈၁) ၃၆။ သြဒနပဋိစ္ဆာဒန သိက္ခာပုဒ်

ရဟန်းသည် များစွာ ဘုဉ်းပေးလိုသဖြင့် ဟင်းတို့ကို ဆွမ်းဖြင့်ဖုံးမထားရ၊ ယင်းသို့ပြုခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂိ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၈၂) ၃၇။ သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ မိမိ အကျိုးအတွက် သမင်းဟင်းကို တောင်းမစားရ၊ စားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂိ ရဟန်းများကိုအကြောင်းပြု၍ပညတ်တော်မူသည်။

(၁၈၃) ၃၈။ ဥဇ္ဈာနသညီ သိက္ခာပုဒ်

ရဟန်းသည် ကဲ့ရဲ့လို၍ သူတပါးသပိတ်ကို ဖွင့်မကြည့်ရ၊ ဖွင့်ကြည့်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂိ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၈၄) ၃၉။ ကဗဠ သိက္ခာပုဒ်

ရဟန်းသည် ဒေါင်းဥပမာဏ ဆွမ်းလုပ်ကြီးကြီး ဖြင့် မစားရ၊ စားခဲ့သော် ဒုက္ကဋ်အာပတ် သင့်၏။

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၅) ၄၀။ အာလောပ သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းလုပ်ကို ဝိုင်းဝန်းညီအောင် ပြုလုပ်၍ စားရမည်။ ယင်းသို့ မစားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ပညတ် တော်မူခဲ့သည်။

(၁၇၆) ၄၁။ အနာဟဋ သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းလုပ်မရောက်မီ ခံတွင်းမဖွင့်ရ၊ ဖွင့်ခဲ့သော် ဒုက္ကဋ်အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၇၇) ၄၂။ ဘုဉ္ဇမာန သိက္ခာပုဒ်

ရဟန်းသည်ဆွမ်းစားသောလက်ချောင်းများကို ခံတွင်း၌ မထည့်ရ၊ ထည့်ခဲ့သော် ဒုက္ကဋ်အာပတ် သင့်၏၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

---

စပယ်ဦးစာပေ

(၁၈၈) ၄၃။ သကဗဠ သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းလုတ်ပြည့်နေသော ခံတွင်းကို ဖွင့်၍ စကားမပြောရ၊ ပြောခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၈၉) ၄၄။ ပိဏ္ဍုက္ခေပက သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းလုတ်ကို မြှောက်၍ မြှောက်၍ မစားရ၊ စားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၉၀) ၄၅။ ကဗဠာ ဝစ္ဆေဒက သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းလုတ်ကိုကိုက်ဖြတ်ကာမစားရ၊ စားခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၉၁) ၄၆။ အဝဂဏ္ဍ ကာရက သိက္ခာပုဒ်

ရဟန်းသည် မျောက်ကဲ့သို့ ဆွမ်းကို ပါးစောင်တွင် ထား၍မစားရ၊ စားခဲ့သော် ဒုက္ကဋ်အာပတ်

သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၉၂) ၄၇။ အတ္တ နိဒ္ဓုနက သိက္ခာပုဒ်

ရဟန်းသည် လက်ကို ခါ၍ခါ၍ မစားရ၊ စားခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်း ပြု၍ ပညတ်တော်မူသည်။

(၁၉၃) ၄၈။ သိတ္ထာ ဝကာရက သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းလုံးကို ကြဲကာကြဲကာမစားရ၊ စားခဲ့သော ဒုက္ကဋ်အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၉၄) ၄၉။ ဇိဝှာ နိစ္ဆာရက သိက္ခာပုဒ်

ရဟန်းသည် လျှာကို ထုတ်၍ ထုတ်၍ မစားရ၊ စားခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

စပယ်ဦးစာပေ

(၁၉၅) ၅၀။ စပုစပုကာရက သိက္ခာပုဒ်

ရဟန်းသည် ပြတ်ပြတ် အသံထွက်အောင် မစားရ၊ စားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၉၆) ၅၁။ သုရုသုရုကာရက သိက္ခာပုဒ်

ရဟန်းသည် ရှုတ်ရှုတ်အသံထွက်အောင် မစားရ၊ စားခဲ့သော် ဒုက္ကဋ်အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၉၇) ၅၂။ ဟတ္ထနိလ္လေဟက သိက္ခာပုဒ်

ရဟန်းသည် လက်ကို လျက်၍လျက်၍ မစားရ၊ စားခဲ့သော်ဒုက္ကဋ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၁၉၈) ၅၃။ ပတ္တနိလ္လေဟက သိက္ခာပုဒ်

ရဟန်းသည် သပိတ်ကို ခြစ်၍ခြစ်၍ မစားရ၊ စားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

---

စပယ်ဦးစာမေ

(၁၉၉) ၅၄။ သြဒ္ဒနိလ္လေဟက သိက္ခာပုဒ်

ရဟန်းသည် နှုတ်ခမ်းကိုလျက်၍လျက်၍မစားရ၊ စားခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၀၀) ၅၅။ သာမိသ သိက္ခာပုဒ်

ရဟန်းသည် ဆွမ်း၊ဆွမ်းဟင်း၊ပေသော လက်ဖြင့် ရေခွက်ကို မကိုင်ရ၊ ကိုင်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၀၁) ၅၆။ သသိတ္ထက သိက္ခာပုဒ်

ရဟန်းသည် ဆွမ်းလုံးပါသော ဆေးရေကို ရွာတွင်း၌မစွန့်ရ၊စွန့်ခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၀၂) ၅၇။ ဆတ္တပါဏိ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ ထီးကိုင်ထားသူအား တရားမဟောရ၊ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။

---

စပယ်ဦးစာပေ

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၀၃) ၅၈။ ဒဏ္ဍပါဏိ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ တုတ်ကိုင်ထားသူအား တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၀၄) ၅၉။ သတ္ထပါဏိ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ ဓားကိုင်ထားသူအား တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၀၅) ၆၀။ အာဝုဓပါဏိ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ လက်နက်ကိုင်သားသူ အား တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

---

စပယ်ဦးစာပေ

(၂၀၆) ၆၁။ ပါဒုက သိက္ခာပုဒ်

ရဟန်းသည်မနာမဖျားပဲ ခြေနင်းစီးထားသူအား တရားမဟောရ၊ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၀၇) ၆၂။ ဥပါဟန သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ ဖိနပ်စီးထားသူအား တရားမဟောရ၊ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ပညတ်တော်မူသည်။

(၂၀၈) ၆၃။ ယာန သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ ယာဉ်စီး နေသော သူအား တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(၂၀၉) ၆၄။ သယန သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ အိပ်ရာ၌ နေသူကို တရားမဟောရ၊ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။

သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်း များကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၁၀) ၆၅။ ပလ္လတ္ထိက သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ အာယောဂ ပတ်ဖွဲ့ ထိုင်နေသူအား တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်း တော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ် တော်မူသည်။

(၂၁၁) ၆၆။ ဝေဌိတ သိက္ခာပုဒ်

ရဟန်းသည် ဦးခေါင်း ရစ်ပေါင်းခြင်းရှိသူအား တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကို အကြောင်းပြု၍ပညတ်တော်မူသည်။

(၂၁၂) ၆၇။ ဩဂုဏ္ဌိတ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲဦးခေါင်းခြုံထားသော သူအားတရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ်အာပတ် သင့်၏။ သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီ ရဟန်းများကိုအကြောင်းပြု၍ ပညတ်တော် မူသည်။

---

စပယ်ဦးစာပေ

(၂၁၃) ၆၈။ ဆမာ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲထိုင်နေသူအား မြေ၌ထိုင်၍ တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူခဲ့သည်။

(၂၁၄) ၆၉။ နီစာသန သိက္ခာပုဒ်

ရဟန်းသည်မနာမဖျားပဲအမြင့်၌ထိုင်နေသူအား နိမ့်သောနေရာမှထိုင်လျက် တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၁၅) ၇၀။ ဌိတ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ ထိုင်နေသူအား ရပ်လျက် တရားမဟောရ၊ ဟောခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

(၂၁၉) ၇၄။ ဟရိတေ ဥစ္စာရ သိက္ခာပုဒ်

ရဟန်းသည်မနာမဖျားပဲ စိမ်းလန်းသောမြက်ပင် သစ်ပင်ရှိရာ၌ ကျင်ကြီးကျင်ငယ် မစွန့်ရ၊ စွန့်ခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်း ပြု၍ ပညတ်တော်မူသည်။

(၂၂၀) ၇၅။ ဥဒကာ ဥစ္စာရ သိက္ခာပုဒ်

ရဟန်းသည် မနာမဖျားပဲ ရေ၌ ကျင်ကြီး ကျင်ငယ် တံတွေးကို မစွန့်ရ၊ စွန့်ခဲ့သော် ဒုက္ကဋ် အာပတ် သင့်၏။ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ပညတ်တော် မူသည်။

(သေခိယ သိက္ခာပုဒ် ၇၅ ပါး၊ ပြီး၏။)

### အဓိ ကရဏ သမထ သိက္ခာပုဒ် (၇) ပါး

(၂၂၁) ၁။ ပဌမ အဓိကရဏ သမထ သိက္ခာပုဒ်

ရဟန်းသည် မျက်မှောက်ဖြစ်သော အဓိကရဏ်း လေးပါးငြိမ်းကြောင်း တရားအဖြစ် (သမ္မုခါ ဝိနယ သမထ) ကို ပေးရမည်။

---

(၂၂၂) ၂။ ဒုတိယ အဓိကရဏ သမထ သိက္ခာပုဒ်

ရဟန်းသည်ရဟန္တာပုဂ္ဂိုလ်အား သတိရစေသော အဓိကရဏ်းငြိမ်းကြောင်း တရားအဖြစ် (ပဋိညာဉ်ယကာရေတဗ္ဗ သမထ)ကို ပေးရမည်။

(၂၂၃) ၃။ တတိယ အဓိကရဏ သမထ သိက္ခာပုဒ်

ရဟန်းသည် ရူးသွပ်သော ရဟန်းတို့အား သတိရစေသော အဓိကရဏ်း ငြိမ်းကြောင်း တရားအဖြစ် (အမူဠှ ဝိနယ သမထ)ကို ပေးရမည်။

(၂၂၄) ၄။ စတုတ္ထ အဓိကရဏ သမထ သိက္ခာပုဒ်

ရဟန်းသည် ဝန်ခံသဖြင့် ပြုအပ်သော အဓိကရဏ်း ငြိမ်းကြောင်း တရားအဖြစ် (ပဋိညာဉ်ယကာရေတဗ္ဗ သမထ)ကို ပေးရမည်။

(၂၂၅) ၅။ ပဉ္စမ အဓိကရဏ သမထ သိက္ခာပုဒ်

ရဟန်းသည် ဓမ္မဝါဒီ များရာဘက်သို့ လိုက်၍ ဆုံးဖြတ်အပ်သော အဓိကရဏ်းငြိမ်းကြောင်း တရားအဖြစ် (ယေဘုယျသိက သမထ)ကို ပေးရမည်။

(၂၂၆) ၆။ ဆဋ္ဌမ အဓိကရဏ သမထ သိက္ခာပုဒ်

ရဟန်းသည် ယုတ်မာသော ရဟန်းအား ပြုသော အဓိကရဏ်းငြိမ်းကြောင်း တရားအဖြစ် (တဿပါပိယကာ သမထ)ကို ပေးရမည်။

---

စပယ်ဦးစာပေ

(၂၂၇) ၇။ သတ္တမ အဓိကရဏ သမထ သိက္ခာပုဒ်

ရဟန်းသည် အာပတ်ကို ဖုံးဖိထားရသော အဓိကရဏ်း ငြိမ်းကြောင်း တရားအဖြစ် (တိဏဝတ္ထာရက သမထ)ကို ပေးရမည်။

(အဓိ ကရဏ သမထ သိက္ခာပုဒ် ၇ ပါး ပြီး၏။)

မှတ်ချက်။ ။အဓိ ကရဏ သမထ သိက္ခာပုဒ်(၇)ပါးကား အာပတ် သင့်စေသည် မဟုတ်ပဲ၊ အဓိကရဏ်း အေးငြိမ်းစေဖို့သာဖြစ်သည်။ ထို့ကြောင့် ရဟန်းယောကျ်ားများ ကျင့်ဆောင်ဖွယ် ဘိက္ခုပါတိမောက်၌ သိက္ခာပုဒ်(၂၂၇)ဖြစ်ပြီး အာပတ်အား (၂၂၀)သာ ဖြစ်သည်ဟု မှတ်ယူရမည်။ သို့သော် အဓိသီလ သိက္ခာကို ရကြောင်းဖြစ်သောကြောင့် သိက္ခာပုဒ်တော်၌ ထည့်သွင်းရေတွက်အပ်ပေသည်။ သိက္ခာပုဒ်တော် အကျယ်အားဖြင့်ကား ကုဋေကိုးထောင် တရာရှစ်ဆယ်သုံး သောင်း ခြောက် ထောင် (၉၁၀၈၃,-၀၃၆၀၀၀)ရှိပေသည်။ ယင်းအကျယ် သိက္ခာပုဒ်တော်တို့ကို သင်္ဂါယနာတင် ထေရ်အရှင်တို့သည် ပေယျာလမုခ အားဖြင့် ပြတော်မူအပ်ကုန်၏။

---

စပယ်ဦးစာပေ

# သာသနာတော်သမိုင်း

## ဘုရားပွင့်၍ တရားပွင့်ပြီ

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ ဘုရားအဖြစ်သို့ရောက်တော်မူသည်။ ဘုရားဖြစ်တော်မူပြီးသောအခါ သားအပေါင်းကို ဘေးမဲ့ပေးရာ မိဂဒါဝုန် စုံမြိုင်တောတွင် ဝါဆိုလပြည့်နေ့ စနေနေ့၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာ ဒေသနာတော် တရားဦးကို ထူးထူးခြားခြား ဟောကြားတော်မူလေသည်။ ဒေသနာတော်၏ ဆုံးမခန်း၌ ရှင်ကောဏ္ဍည မထေရ်သည် သစ္စာလေးပါးကို သိမြင်၍ ဓမ္မာဘိ သမယ ဖြစ်တော်မူလေသည်။ သောတာပတ္တိ မဂ်ပန်းခိုင် ဖိုလ်ပန်းခိုင်တို့ကို ပန်ဆင်ခတော်မူလေသည်။

## ရဟန်းအစ အရှင်ကောဏ္ဍည

ထိုအခါ ရှင်ကောဏ္ဍညက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် ကောဏ္ဍညသည် ရှင်တော်မြတ်ဘုရား ထံတော်၌ ရှင်ရဟန်းအဖြစ် ရရှိလိုပါသည်"ဟု လျှောက်ထားလေသည်။ ထိုအခါ သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် "ချစ်သားရဟန်း....လာခဲ့လော့၊ မြတ်သော မဂ်အကျင့်ကို ကျင့်သုံးနေထိုင်လော့" ဟု မိန့်တော်မူ၍ "ဧဟိဘိက္ခု" ခေါ်တော်မူလေသည်။

## ရဟန္တာကြီးငါးဦး

ပဉ္စဝဂ္ဂီငါးဦးတို့တွင် အရှင်ကောဏ္ဍည မထေရ်သည် အသက်သိက္ခာ အကြီးဆုံးဖြစ်သည်။ ဝါဆိုလပြည့်နေ့၌ တရားဦးရတော်မူသည်။ အရှင်ဝပ္ပ မထေရ်သည် ဝါဆိုလပြည့်ကျော် (၁)ရက်နေ့၌ တရားထူး ရတော်မူသည်။ အရှင် ဘဒ္ဒိယ မထေရ်သည် ဝါဆိုလပြည့်ကျော် (၂)ရက်နေ့၌ တရားထူး ရတော်မူသည်။အရှင်မဟာနာမမထေရ်သည်ဝါဆိုလပြည့်ကျော် (၃)ရက်နေ့၌ တရားထူးရတော်မူသည်။ အရှင်အဿဇိ မထေရ်သည် ဝါဆိုလပြည့်ကျော် (၄)ရက်နေ့၌ တရားထူး ရတော်မူသည်။ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် အနတ္တလက္ခဏာသုတ္တန်ဒေသနာတော်မြတ်ကို ဘုရားရှင် ဟောကြားတော်မူ၍ နာကြားကြရသောအခါ ပဉ္စဝဂ္ဂီငါးဦးလုံးပင် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ရှိတော်မူကြလေသည်။

---

## သံဃာ့အစ ပဉ္စဝဂ္ဂီက

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ရွှေလက်ထက်တော်တွင် ဤပဉ္စဝဂ္ဂီငါးဦးတို့သည် သံဃာတော် (သံဃာ့ရတနာ) အဖြစ် ပွင့်ထွန်းပေါ်ပေါက်တော်မူကြလေသည်။ အတိအကျ ဆိုရသော် ထိုပဉ္စဝဂ္ဂီငါးဦးတို့တွင် ကောဏ္ဍညမထေရ်သည် အဦးဆုံးသော သံဃာ့ရတနာပင် ဖြစ်လေသည်။ အရဟတ္တဖိုလ်သို့ အပြီးအမြောက် ရောက်တော်မူပြီးဖြစ်သောကြောင့် အရိယာ သံဃာတော်အစစ်ကြီးများ ပေါ်ထွန်းသည်ဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့် ဤဘဒ္ဒကမ္ဘာတွင် ဂေါတမဗုဒ္ဓ ရှင်တော်မြတ်ဘုရား၏ လက်ထက်တော်၌ သံဃာအဖြစ် ဦးစွာပေါ်လာလေသောကြောင့် "သံဃာ့ရတနာအစ၊ ပဉ္စဝဂ္ဂီငါးဦးက" ဟု မော်ကွန်းမှတ်တမ်း ရေးထိုးဖွယ်ပင် ဖြစ်ပါတော့သည်။

## ရပ်ဝေးဒေသ ရှင်ပြုကြ

အဓါတပါးတွင်ရှင်လောင်းရဟန်းလောင်းတို့ကိုဝေးစွာသော အရပ်မှ သာသနာပြုရဟန္တာကြီးများက ဘုရားရှင်ထံ အရောက် ခေါ်ဆောင်ခဲ့ကြရသည်။ သို့သော် ခရီးရှည် ခရီးကြမ်း တို့မှ လာခဲ့ရသော သာသနာပြုရဟန္တာကြီးများ ရှင်လောင်း၊ရဟန်း လောင်း များ၏ ပင်ပန်းနွမ်းနယ်ခြင်းကို မဟာကရုဏာတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်မြင်တော်မူသဖြင့်ဘုရားထံ တော်ရောက် ခေါ်ဆောင်ရန်မလိုတော့ပဲရပ်ဝေး၌သာ သရဏဂုံ ဖြင့် ရှင်ရဟန်းပြုစေရန် ခွင့်ပြုတော်မူလေသည်။

---

**စပယ်ဦးစာပေ**

## ဝေဠုဝန်ကျောင်းတော်ကြီး အလှူခံတော်မူခြင်း

သက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၀) ရက်နေ့တွင် သဗ္ဗညု ဘုရားသခင်သည် ဥရုဝေလတောအုပ်၌ ရသေ့ညီနောင် ရှင်တထောင်တို့ကို ချေချွတ်တော်မူသည်။ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ရောက်တော်မူကြလေသည်။ ထိုရဟန္တာအပေါင်း တထောင်ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော် မူလေသည်။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီး နန်းစံလျက်ရှိသည်။ မင်းကြီးသည် ဘုရားကြွလာသည်ကို ကြားသိသဖြင့် ဗြာဟ္မဏ မဟာသာလခေါ် ပုဏ္ဏား သူဌေးပေါင်း တသိန်းနှစ်သောင်း ခြံရံလျက် ဘုရားရှင်ထံ အဖူးမျှော်ရောက်လာကြကုန်၏။ ပူဇော်ကော်ရော်ကြကုန်၏။ လုပ်ကျွေးဆည်းကပ်ကြကုန်၏။ ဘုရားရှင် အဆုံးအမ၌ တည်ကြကုန်၏။ တသိန်းတသောင်း အရေအတွက်ရှိသော ပုဏ္ဏားသူဌေးတို့သည် သောတာပန်အဖြစ်သို့ ရောက်ကြကုန်၏။ တသောင်းသော ပုဏ္ဏား သူဌေးတို့ကား သရဏဂုံတည်သော ဥပါသကာများ ဖြစ်ကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်နှင့်တကွ တထောင်မျှသော အရိယာအရှင်ကောင်း ရဟန္တာ သံဃာတော် အပေါင်းအား ဂိဇ္ဈကုဋ်တောင်ခြေရှိ အင်္ဂါငါးတန်နှင့်ပြည့်စုံသော ဝေဠုဝန်ဝါးတော ဥယျာဉ်တော်ကြီးကို ကျောင်းအာရာမ်အဘွင်းဖြင့် လှူတော်မူသည်၊ ဤအကြောင်းကို အဦးမူ၍ ရဟန်းတော်တို့အား ကျောင်းအာရာမ် အလှူခံရန် ခွင့်ပြုတော်မူခဲ့လေသည်။

---

စပယ်ဦးစာပေ

## ဥပတိဿနှင့် ကောလိတ

ဝေဠုဝန် ကျောင်းတော်၌ မဇ္ဈေလျော် ပျော်စံတော် မူစဉ် သိဥ္စည်းပုရိဗိုဇ်ဆရာကြီး၏ တပည့်များဖြစ်ကြသော ဥပတိဿလုလင်နှင့် ကောလိတလုလင်တို့သည် ဘုရားထံတော်သို့ဆိုက်ရောက်လာကြ၍ ဧဟိဘိက္ခုရဟန်းဖြစ်ပြီး မကြာမြင့်မီ ရဟန္တာကြီးများအဖြစ်သို့ ရောက်ကြလေသည်။ နောင်တွင် ဥပတိဿသည် ပညာအရာ ဧတဒဂ်ရသော အရှင်သာရိပုတ္တရာ မထေရ် ဖြစ်လာပြီး ကောလိတသည် တန်ခိုးအရာ ဧတဒဂ်ရသော အရှင်မဟာမောဂ္ဂလာန်မထေရ်တို့ ဖြစ်လာကြသည်။

## သူ့ကျေးဇူးသည်တရား အလေးထား

အခါတပါးတွင် ရာဇဂြိုဟ်ပြည်၌ ရာဓမည်သော ပုဏ္ဏားဘယောက်သည်ရဟန်းပြုလို၏။ သို့သော် ရဟန်းသံဃာ တို့က ရာဓပုဏ္ဏား ရဟန်းပြုခြင်းကို မနှစ်သက်ကြပေ။ ထိုအကြောင်းကို ဘုရားရှင် သိမြင်တော်မူ၍ ရာဓပုဏ္ဏားနှင့် ကျေးဇူးမကင်းသောကရုဏာဖြစ်သည့်ရဟန်း ရှိမရှိမေးမြန်းတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာမထေရ်သည် "ရာဓပုဏ္ဏား လောင်းလှူသောဆွမ်းကို တကြိမ်စားဖူးသဖြင့် ကျေးဇူးရှိပါသည်" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က "ချစ်သား သာရိပုတ္တရာ၊ ရာဓပုဏ္ဏားကို ရဟန်းပြုပေးလော့" ဟု မိန့်တော်မူလေသည်။

---

စပယ်ဦးစာပေ

## ဥပသမ္ပဒကံ ရဟန်းခံခွင့်ပြု

ရှင်သာရိပုတ္တရာလည်း သရဏဂုံသုံးပါးဖြင့် ရဟန်းပြုပေးရန် ခွင့်ပြုပြီး ဖြစ်ပါလျက် ဘုရားရှင်၏ အလိုတော်ကို သိတော်မူသဖြင့် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ထို ရာဓပုဏ္ဏားကို အဘယ်နည်း အဘယ်ပုံ ရဟန်းပြုပေးရပါမည်နည်း" ဟုလျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်သည် "ချစ်သားတို့ သရဏဂုံသုံးပါးဖြင့် ရဟန်းပြုပေးသော အခွင့်ကို ခွင့်ပြုတော်မူအပ်ခဲ့လေပြီ၊ ယနေ့မှစ၍ ထို သရဏဂုံသုံးပါးဖြင့် ရဟန်းပြုခြင်းကို ငါဘုရား ပယ်ဖျက်တော်မူပြီ၊ယနေ့မှစ၍ ဉာတ်လျှင်လေးကြိမ် မြောက်သော ကမ္မဝါဖြင့် ရဟန်းပြုခြင်းကို ခွင့်ပြုတော်မူပြီ" ဟု မိန့်တော်မူ၍ ဥပသမ္ပဒကံဖြင့် ရဟန်းခံခြင်းကို ခွင့်ပြုတော်မူလေသည်။

## ရဟန်းငယ်များ ဆရာမကင်းရာ

၎င်းပြင် ဘုရားရှင်ကိုယ်တော်မြတ်သည် ရဟန်းငယ်တို့အား အပြစ်ကြီး အပြစ်ငယ်ကို ဆုံးမသွန်သင်ပေးရန် မှီရာဖြစ်သော နိဿယည်းဆရာဖြင့်နေထိုင်ရန် ရာဇဂြိုဟ်ပြည်၌ ရဟန်းအများကို အကြောင်းပြု၍ ခွင့်ပြုတော်မူလေသည်။

## ကျောင်းတွင်းသံဃာ အသိပေး

ကျောင်းတိုက်အတွင်း၌ ရှင်ရဟန်း ပြုလိုသော သူသည် ကျောင်းတိုက်အတွင်းရှိ ရဟန်းသံဃာများကို ပန်ကြားကာ

မျက်နှာပြပြီးမှ ဆံပင်ချခြင်း၊ သင်္ကန်းဝတ်ခြင်း၊ သရဏဂုံခံယူ၍ သင်္ကန်းဝတ်ခြင်း စသည်တို့ကို ပြုလုပ်အပ်ပေသည်။ တခါက ရာဇဂြိုဟ်ပြည်တွင် သူငယ်တယောက်သည် မိဘတို့နှင့်စိတ်ဆိုး၍ ရဟန်းတို့ထံ သင်္ကန်းဝတ်လေသည်။ မိဘများက ကျောင်းတိုက်အတွင်းသို့ လာရောက်ရှာသောအခါ မမြင်တွေ့ဘူးသောရဟန်းတို့သည် "မမြင်တွေ့ဘူး" ဟု ဖြေကြားခဲ့ကြသည်။ ၎င်းမိဘတို့သည် ကျောင်းအာရမ်အတွင်း၌ဆက်လက်ရှာဖွေသော် ၎င်းတို့၏သားကိုတွေ့၍ "ရဟန်းတော်များသည် မုသားသုံးကြသည်" ဟု ကဲ့ရဲ့ရှုတ်ချခြင်း အမှုကိစ္စ ဖြစ်ဘူးသောကြောင့် ကျောင်းတိုက်အတွင်း သံဃာတော်များကို ပန်ကြား မျက်နှာပြ၍ သင်္ကန်းဝတ်ရန် ပညတ်တော်မူခဲ့ခြင်း ဖြစ်ခလသည်။

## ရဟန်းနေရာ ခွင့်မသာ

၎င်းအပြင် အခြားတနေရာရာမှ မိမိဘာသာ ပြစ်မှုတခုခုကို ဖုံးကွယ်လို၍ သင်္ကန်းပတ်လာကာ ရဟန်းကောင်းတို့နှင့် အတူယှဉ်တွဲနေထိုင်စားသောက်သော (လိမ်၊ခိုး၊ သံဝါ၊ သူခိုး ရှင်ယောင်မျိုး)ကို ရှင်ရဟန်းပြုခြင်းကိုလည်း ဘုရားရှင် ပစ်ပယ်တော်မူသည်။ ၎င်းပြင် လူယောင်ဆောင်တတ်သော နဂါး ဂဠုန်စသည်တို့ကိုလည်း ရဟန်းပြုပေးခြင်းမှ ပယ်ဖျက်တော်မူလေသည်။ ၎င်းအပြင် အမိကို သတ်ဖူးသူ၊ အဖကိုသတ်ဖူးသူ၊ ပိတုကာရကံကြီး ထိုက်နေသူများအား ရဟန်းပြုခြင်းကိုသည်း ဘုရားရှင်ပယ်ဖျက်တော်မူသည်။

---

**စပယ်ဦးစာစဉ်**

## ဥပုသ်နှင့်သိမ်

ဥပုသ်နေ့တို့၌ တနေရာတည်းစုဝေး၍ တရားဟောရန် ရဟန်းတို့ကို ဘုရားရှင် ကိုယ်တော်မြတ် ခွင့်ပြုတော် မူခဲ့လေသည်။ ထို့နောက် ၎င်းစည်းဝေးရာ တရားသဘင်၌ ပါတိမောက်ပြရန် ကိုလည်း ခွင့်ပြုတော်မူသည်။၎င်းနောက် ရဟန်းတော်တို့ကံကြီး ကံငယ် ပြုလုပ်နိုင်ရန်အတွက် သိမ်(အပိုင်းအခြားနယ်)သတ်မှတ် သမုတ်ခြင်းကို ခွင့်ပြုတော်မူပြန်သည်။ ထိုသိမ်၌ ရဟန်းတော် များပြုအပ်သည့်ဥပုသ်ကံများမှာ နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီ ဥပုသ်၊ ပန္နရသီဥပုသ်၊ သာမဂ္ဂီဥပုသ်ဟူ၍ သုံးပါး။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃာ့ဥပုသ်၊ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်။ပြုအပ် သော အခြင်းအရာအားဖြင့် သုတ္တုဒ္ဒေသဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ် ဟူ၍ သုံးပါး-ပေါင်းကိုးပါးအပြားရှိလေသည်။

## မိုးတွင်းကာလ ဝါဆိုကြ

နွေ မိုး ဆောင်း ဥတုသုံးပါးလုံး ခရီးလှည့်လည်လေ့ရှိသော၊ အထူးသဖြင့် မိုးတွင်း၌ ခရီးလှည့်လည်ကြသော ရဟန်းတို့ကို မြင်ကြသဖြင့် လူတို့သည် ရဟန်းတို့ကို ကဲ့ရဲ့ကြကုန်၏။ ဤကဲ့ရဲ့မှုကို အကြောင်းပြု၍ မိုးတွင်းကာလ ဝါတွင်းသုံးလပတ်လုံး မိုးလေ လုံသော ကျောင်းအာရာမ်ဘခုအတွင်း၌ ဝါကပ် သီတင်းသုံးရန် ဘုရားရှင် ခွင့်ပြုတော် မူလေသည်။ ထိုသို့ ဝါကပ်ရာ၌လည်း ဝါဆိုလပြည့်ကျော်တရက်နေ့၌ဝါကပ်ခြင်းကို ပဌမဝါကပ်ခြင်း

(သို့မဟုတ်) ပုရိမဝါကပ်ခြင်းဟု ခေါ်သည်။ (ဝါဆိုရန်ဆိုရိုးကို နောက်ပိုင်း၌ ဖော်ပြထားပါသည်။)

မှတ်ချက်။ ။ ဝါထပ်သောနှစ်၌ ဒုတိယ ဝါဆိုလပြည့်ကျော် တရက်နေ့ ရောက်မှ ပထမဝါကပ် ဝါဆိုကြရသည်။

## ဝါပန် ဝါကပ် သတိချပ်

ဝါခေါင်လပြည့်ကျော် တရက်နေ့၌ ဝါကပ်ခြင်းကို ဒုတိယဝါကပ်ခြင်း သို့မဟုတ် ပစ္ဆိမဝါကပ်ခြင်းဟု ခေါ်သည်။ ဝါဆိုဝါကပ်ပြီးသောအခါ ရှင်ရဟန်းတို့သည် ညဥ့်အိပ် ညဥ့်နေ သို့မဟုတ် အာရုံကို ဖျက်၍ အာရမ်တပါး၊ အရပ်တပါးတို့ကို သွားရောက် မနေထိုင်အပ်၊ အကယ်၍ မသွားမဖြစ်သော ပင့်ဖိတ်ခြင်း ရတနာမြတ် သုံးပါးစသည်နှင့်စပ်သောကိစ္စများ ပေါ်လာပါက(၇)ရက်အတွင်း ပြန်လာမည်ဟု နှလုံးသွင်း ခွင့်ပန်၍ သွားရောက်နိုင်သည်။ သီတင်းသုံးဖော် ငါးယောက် အမိအဖ ဉာတိပုဂ္ဂိုလ်တို့နှင့် ပတ်သက်၍ သွားရောက်လိုသော် မပင့်ဖိတ်သော်လည်း သွားရောက်နိုင်သည်။ သို့သော် ဝါတွင်း၌ပင် သီတင်းသုံး ဝါဆိုနေသော ကျောင်း၌ ဘေးဥပါဒ်အန္တရာယ်များ ကျရောက်လာခဲ့သော် အရပ်တပါးသို့ အပြီးထွက်ခွာသွားနိုင်ပါသည်။

---

စပယ်ဦးစာပေ

## ပဝါရဏာကံ

ဝါလကျွတ်သောအခါ၌ မြင်ခြင်း၊ ကြားခြင်း၊ ရွံ့ရှာခြင်း၊ ဤအရာသုံးဌာနတို့ဖြင့် ဆိုးမနိုင်ရန်အတွက် ရဟန်းအချင်းချင်း ဖိတ်ကြားရန်ကိုလည်း မြတ်စွာဘုရား ခွင့်ပြုတော်မူပါသည်။

ပဝါရဏာကံပြုသည်ဟု ခေါ်ပါသည်။ ထိုပဝါရဏာကံသည် စတုဒ္ဒသီ ပဝါရဏာနေ့၊ ပန္နရသီပဝါရဏာနေ့၊ သာမဂ္ဂီ ပဝါရဏာနေ့ဟု နေ့၏အစွမ်းအားဖြင့် သုံးပါး။ သံဃာပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလပဝါရဏာဟူ၍ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သုံးပါး။ တေဝါစိကပဝါရဏာ၊ ဒွေဝါစိက ပဝါရဏာ၊ ဧကဝါစိက ပဝါရဏာဟူ၍ပြုပုံ အချင်းအရာ အားဖြင့် သုံးပါး။ ဤသို့အားဖြင့် ပဝါရဏာကိုးပါး ပြရှိပါသည်။ (ပဝါရဏာပြုရန် ဖိတ်ကြားခြင်းဆိုရိုးကို နောက်ပိုင်း၌ ဖော်ပြထားပါသည်။)

## ဖိနပ်စီးရန် ခွင့်ပြုပြန်

အခါတပါးတွင် တရားထူးရလိုသဖြင့် ကမ္ဘဋ္ဌာန်းအားထုတ်လျက် စင်္ကြံသွားအားကြီး၍ ခြေဖဝါးများ ကွဲပေါက်ကုန်သော 'သောနမထေရ်'ကို အကြောင်းပြု၍ ရဟန်းတော်များ ဖိနပ်စီးရန် ခွင့်ပြုတော်မူလေသည်။

## တိရစ္ဆာန်ယာဉ် မစီးအပ်

ကျန်းမာရေး ကောင်းသော ရဟန်းသည် နွား၊မြင်းစသော သက်ရှိယာဉ်ရထားကို မစီးကောင်းဟု ဘုရားရှင် ပညတ်တော်မူသည်။ သို့သော် မမာ မကျန်းသော ဂိလာန ရဟန်းအား လှည်းယာဉ် မြင်းယာဉ်ကို စီးရန် ခွင့်ပြုပေးသနားတော်မူသည်။

---

စပယ်ဦးစာပေ

## ဒေသပိုင်းခြား ခွင့်ပြုချက်များ

ဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသနှင့် ထိုမှလွဲသော ပစ္စန္တရစ် အရပ်တို့ဟူ၍ နှစ်မျိုး ပိုင်းခြား၏။ ပစ္စန္တရစ် အရပ်တို့၌ ဝိနယဓရ၊ ဥပဇ္ဈာယ်ဆရာနှင့် သံဃာ ငါးပါးသည် ရဟန်းခံပေးနိုင်သည်။ အထပ်အလွှာများသော ဖိနပ်ကို စီးခွင့်ပြုသည်။ နေ့စဉ် ရေချိုးနိုင်သည်။ ဆိတ်သိုးတို့၏ အခရတို့ကိုလည်း ခင်းပြုရန် ခွင့်ပြုတော်မူသည်။

## ဘုရားပေးသည့် ဆေး(၅)မျိုး

(၁)ထောပတ်၊ (၂)ဆီဦ၊ (၃)ဆီ၊ (၄)ပျား၊ (၅)တင်လဲ ဟူသော ဆေးငါးမျိုးကို အကပ်ခံ၍ နေ့ည ဘုဉ်းပေးနိုင်ရန် ခွင့်ပြုတော်မူသည်။ ၎င်းအပြင် မမာမကျန်းသော ဂိလာန ရဟန်းများအတွက် အမြစ်၊အရွက်၊အခေါက် စသည်တို့ကို နေ့ ရောညပါ စားသောက် လိမ်းကျံနိုင်ရန် ခွင့်ပြုတော်မူသည်။

## အသားဟင်းနှင့် သစ်သီးဆွမ်း ခွင့်ပြုခြင်း

ရဟန်းသည် ရည်စူး၍ သတ်ဖြတ်ကာ ချက်ပြုတ် လှူဒါန်းသော အသားကိုစားခြင်းမှ ပယ်တော်မူသည်။ သို့သော် ရည်စူးခြင်းမရှိပဲ မြင်ခြင်း၊ကြားခြင်း၊ရှိရှာခြင်း၊အစွန်းသုံးပါး ကင်းလွတ်သော ပံ့သကူအသားကိုကား စားသောက် ဘုဉ်းပေးနိုင်ကြောင်း ဘုရားရှင်ခွင့်ပြုတော်မူသည်။ ရဟန်းသည် ဘုဉ်းပေးသုံးဆောင်၍ရသော သစ်သီးသစ်ရွက် မုန့်-ခဲဖွယ် စသည်တို့ကို အလှူခံ၍ ဘုဉ်းပေးသုံးဆောင်နိုင်ကြောင်း ခွင့်ပြုသည်။

---

## အသားကြီး ၁၀ ပါး မစားသုံးရ

အကပ္ပိယမံသ ခေါ် မစားအပ်သော အသားကြီး (၁၀)ပါး....

၁။ မနုဿမံသ = လူသား
၂။ ဟတ္ထိမံသ = ဆင်သား
၃။ အဿမံသ = မြင်းသား
၄။ သုနခမံသ = ခွေးသား
၅။ အဟိမံသ = မြွေသား
၆။ သီဟမံသ = ခြင်္သေ့သား
၇။ ဗျဂ္ဃမံသ = ကျားသား
၈။ ဒီပိမံသ = ကျားသစ်သား
၉။ အစ္ဆမံသ = ဝံသား
၁၀။ တရစ္ဆမံသ = အောင်းသား

မှတ်ချက်။ ။ယင်း အသားကြီး (၁၀)ပါးတွင် လူသားကို ဇာတ်တူသား ဖြစ်သောကြောင့် ပယ်တော်မူသည်။ ဆင်သား၊ မြင်းသားတို့ကို မင်း၏ စီးယာဉ်ဖြစ်သောကြောင့် ပယ်တော်မူသည်။ ခွေးသား၊ မြွေသားတို့ကို စက်ဆုပ် ရွံရှာဖွယ် ဖြစ်သောကြောင့် ပယ်တော်မူသည်။ ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝံသား၊ အောင်းသားတို့ကို သားရဲသတ္တဝါများဖြစ်သောကြောင့် ပယ်တော်မူသည်။ လူသားစားသော ရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။ ကြွင်းသော အသား ကိုးမျိုးကိုစားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

---

စပယ်ဦးစာပေ

## အရည်ပြု၍ ဘုဉ်းပေးပါ

ရဟန်းသည် မကျန်းမာသော ဂိလာနရဟန်းဖြစ်အံ့။ တင်လဲ အခဲ၊ ထန်းလျက်အခဲကို ဘုဉ်းပေးရန် ခွင့်ပြုတော်မူ၏။ မကျန်းမာ သော ဂိလာန ရဟန်းများဖြစ်အံ့။ တင်လဲအရည်၊ ထန်းလျက် အရည်ကို ဘုဉ်းပေးရန် ခွင့်ပြုတော်မူသည်။ ဆိုလိုသည်မှာ နေကောင်းသောရဟန်းအား ထန်းလျက်ကို အခဲလိုက် မဘုဉ်း ပေးအပ်၊ အရည်ပြု၍ ဘုဉ်းပေးရမည်။ နေမကောင်းသော ရဟန်းအား အခဲဖြစ်စေ၊ အရည်ပြု၍ဖြစ်စေ ဘုဉ်းပေးနိုင်သည် သာ ဖြစ်၏။

## ခရီးသွားရိက္ခာ

ရဟန်းသည် ခရီးသွားမည့်ဆဲဆဲ ရဟန်းဖြစ်အံ့။ ကပ္ပိယတို့ ထံမှတဆင့် လှူဒါန်းအပ်သော ကပ္ပိယအပ်စပ်သည့် သက်န်း စသော ပစ္စည်းများကို အလှူခံသုံးဆောင်နိုင်ကြောင်း ခွင့်ပြုတော် မူပြန်သည်။

## ပုဂ္ဂလိက သံဃိက ခွဲဝေပြေ

ဘုရားရှင်ကိုယ်တော်မြတ်သည် သံဃိကနှင့် ပုဂ္ဂလိကပစ္စည်း ဝေဖန်မှု၌ အောက်ပါအတိုင်း ခွဲဝေ ဝေဖန်ရန် ခွင့်ပြုတော်မူ ခဲ့လေသည်။

(၁) သံဃိကမျိုးစေ့ကို ပုဂ္ဂလိကမြေပေါ်၌ စိုက်ပျိုး၏။ ရရှိလာသော အသီးအနှံ စသည်ကို မြေပိုင်သူ ပုဂ္ဂလိကအား ဆယ်ဖို့တဖို့ပေးရမည်ဖြစ်သည်။

---

စာယဉ်ဦးစာပေ

(၂) ပုဂ္ဂလိကမျိုးစေ့ကို သံဃိကမြေပေါ်၌ စိုက်ပျိုး၍ ရရှိလာသော အသီးအနှံ့စသည်ကို မြေပိုင်သူ သံဃိက(သံဃာတော်)အား ဆယ်ပုံတပုံ ပေးရမည်ဖြစ်သည်။

## ကာလိကလေးပါး သရုပ်ကြား

မြတ်စွာဘုရားသည် အာဟာရကို သုံးဆောင်ဘုဉ်းပေးရာ၌ ကာလိကလေးပါးကိုလည်း ခွင့်ပြုတော်မူသည်။ ၎င်းလေးပါးကား....

(၁) ယာဝကာလိက မွန်းမလွဲမီ သုံးဆောင် ဘုဉ်းပေးရသော ခဲဘွယ်ဘောဇဉ်များ၊ ဥပမာ-ဆွမ်းဘောဇဉ် ချိုချဉ် သစ်သီးစသည်တို့ ဖြစ်သည်။

(၂) ယာမကာလိက၊ ယာမ်တခုအတွင်း၌ ဘုဉ်းပေး သုံးဆောင်ကောင်းသော အဖျော်ရည်မကာများ၊ ဥပမာ-အဖျော်ရှစ်ပါး။

(၃) သတ္တာဟကာလိက၊ (၇)ရက် အကာပ်ခံ၍ ဘုဉ်းပေး သုံးဆောင်ကောင်းသော အာဟာရများ၊ဥပမာ-ထောပတ် ဆီဥ စသည်တို့ဖြစ်သည်။

(၄)ယာဝဇီဝိက၊ တခါအကပ်ခံ၍ အသက်ထက်ဆုံး ဘုဉ်းပေးသုံးဆောင်နိုင်သော ဆေးပစ္စည်းများ၊ ဥပမာ-အမြစ်၊ အရွက်၊အခေါက်စသည့်ဆေးပစ္စည်းများဖြစ်သည်။

---

စပယ်ဦးစာပေ

ထိုလေးမျိုးတို့တွင် ရာဝ ကာလိက ခဲဘွယ်ဘောဇဉ်နှင့် ရောသော ရာမ ကာလိက၊ သတ္တာဟ ကာလိက၊ ရာဝ ဇီဝက စသည်တို့ကို အရောခံ ရာဝ ကာလိကဘက်သို့ လိုက်၍ မွန်းမလွဲမီ၌သာ သုံးဆောင်ဘုဉ်းပေးကောင်း၏။ မွန်းတိမ်းသောအခါ မသုံးဆောင် ဘုဉ်းမပေးအပ်။

ရာမ ကာလိက အဖျော်စသည်နှင့် ရောသော သတ္တာဟ ကာလိက ရာဝ ဇီဝက တို့ကို အရောခံ ရာမ ကာလိက ဘက်သို့ လိုက်၍ တရာမ်အတွင်း၌သာ သုံးဆောင်အပ်၏။နောက်တနေ့၌ မသုံးဆောင်အပ်။

သတ္တာဟ ကာလိက ထောပတ်ဆီဥ စသည်နှင့် ရောသော ရာဝ ဇီဝက ဆေးစသည်တို့ကို အရောခံ သတ္တာဟ ကာလိက ဘက်သို့ လိုက်၍ (၇)ရက် အတွင်းသာ ဘုဉ်းပေး သုံးဆောင်အပ်၏။ (၇)ရက်ထက် အလွန်အား၍ ဘုဉ်းပေးမသုံးဆောင်အပ်။ ဤသို့ ဘုရားရှင် ကိုယ်တော်မြတ်သည် ကာလလေးပါးတို့၌ အာဟာရပစ္စည်းများ ဘုဉ်းပေးသုံးဆောင်ရမည့်သဘောကို ကွဲကွဲပြားပြား ခွဲခြားသတ်မှတ်၍ ခွင့်ပြုတော် မူအပ်ခဲ့ပေသည်။

(ဝိနည်းမဟာဝါပါဠိတော် ဘေသဇ္ဇက္ခန္ဓက).

## ကထိန်သင်္ကန်းနှင့် ရိုးရိုးသင်္ကန်း အလှူခံခွင့်ပြု

ပဌမဝါကျွတ်ပြီးသော ရဟန်းတို့အား ကထိန်၏အာနိသင် ငါးပါးတို့ကို ရထိုက်သဖြင့် သံဃာ ချမ်းသာစိမ့်သောငှာ ကထိန် ခင်းရန်အတွက် အထူးခွင့်ပြုပေးသနားတော်မူလေသည်။ ပါဠိ

တိုင်းသားတိစီဝရိတ်မူဘင်ဆောင် ရဟန်းညီနောင်သုံး ဘို့ပ်တို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူခြင်းဖြစ်သည်။ ၎င်းနောက် ဇီဝက ဆေးဆရာကြီး လျှောက်ထားချက်အရ လူတကာတို့ ပူဇော် လှူဒါန်းသော သင်္ကန်းတို့ကိုလည်း အလှူခံဝတ်ရုံ သုံးဆောင် နိုင်ရန် ခွင့်ပြုတော်မူလေသည်။

## သင်္ကန်းချုပ်ရာ လယ်ကွက်ပမာ

အခါတပါး၌ ဘုရားရှင်သည် ဒေသစာရီကြွ ချီတော်မူစဉ် ကံသင်းတို့ဖြင့် ဖွဲ့အပ်သော မာဂဓတိုင်းသားတို့၏ လယ်ကွင်း တို့ကို မြင်တော်မူ၍ ရှင်အာနန္ဒာကို ပြတော်မူပြီး "ချစ်သား အာနန္ဒာ ဤလယ်ကွက်များ၏အသွင် ရဟန်းတို့၏ အဝတ် သင်္ကန်းတို့ကို စီမံချုပ်စွမ်းနိုင်မည်လော" ဟု မေးတော်မူ၏။ အာနန္ဒာမထေရ်မြတ်လည်း ချုပ်လုပ်စွမ်းနိုင်ပါကြောင်း လျှောက်ထား လေသည်။ ကျောင်းတော်သို့ ပြန်ရောက်သော အခါ မားခွဲ မားဖြတ်၊ မြောင်းကြီးမြောင်းငယ်၊စီသွယ်အကွက် တန်းတို့ဖြင့် ချုပ်လုပ်ပြီးသောနှစ်ထပ်သင်္ကန်းကြီး ရှုံ့ထည်ကေသိ နှင့် ဝတ်ထည်သင်းပိုင် အမျိုးမျိုးတို့ကို ဘုရားရှင်အား ပြသ လေသည်။

ဘုရားရှင်လည်း "ချစ်သားရဟန်းတို့၊အာနန္ဒာသည် အလွန် ပညာကြီးပေသည်၊ အမြွက်မျှပြောသောစကားကို အကျယ်ဖွင့် ၍ သိပေသည်"ဟု ချီးမွမ်းတော် မူလေသည်။ စင်စစ်လည်း အရဟတ္တဓဇ မြတ်သင်္ကန်းကို ဆင်မြန်းတော်မူကြသော ရဟန်း

တော်တို့ကို ဖူးမြင်မဝ ကြည်ညိုကြရသောအခါ "ရဟန်းတော်တို့သည် ကောင်းမှုကုသိုလ်မျိုးကို စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပါပေသည်"ဟု လူနတ်တို့နှလုံးတွင် ရွှင်ပြုံးချမ်းမြေ့ရပေသည်။

## သင်္ကန်း ( ၉ ) မျိုး

ရဟန်းတို့ သုံးဆောင်သော အဝတ်အထည် သင်္ကန်းအမျိုးအစားသည် (၉)မျိုး ရှိ၏။ (၉)မျိုးဟူသည်....

(၁) သင်းပိုင်၊ (၂) ကိုယ်ရုံ၊ (၃) နှစ်ထပ်သင်္ကန်း၊ (၄)မိုးရေခံသင်္ကန်း၊ (၅)နိသီဒိုင်အခင်း၊ (၆)အပေါ်လွှမ်းအိပ်ရာခင်း၊ (၇)အမာလွှမ်းသင်္ကန်း၊ (၈) မျက်နှာသုတ်ပုဝါ၊ (၉) ပုဝါရေစစ် စသည်တို့ပင် ဖြစ်သည်။

ထိုသင်္ကန်း(၉)ထည်တို့တွင် သင်းပိုင် ကိုယ်ရုံနှစ်ထပ်သင်္ကန်းဟူသော သင်္ကန်းသုံးထည်တို့သည် ရဟန်းဘောင် တက်ရောက်သော ပုဂ္ဂိုလ်တိုင်း ပြည့်စုံရ၏။အငှားမဟုတ်ပဲ ကိုယ်ပိုင်သင်္ကန်းမှာ ဖြစ်ရှိကြရသည်။ ထိုသုံးထည်သော သင်္ကန်းတို့ကို ဟောင်းနွမ်းဆွေးမြေ့သော် ရတ်တရက် စွန့်မပစ်ရ။အကယ်၍ ပေါက်ပြဲသော်မှ ချုပ်စပ်ခြင်း၊ ဖာထေးခြင်း၊ ပိတ်သားထိုးခြင်း စသည်ဖြင့် ပြု၍ သုံးဆောင်ရမည်။ ယင်းသို့ ချုပ်စပ်ဖာထေး အစားထိုး၍ ဝတ်ရုံသုံးဆောင်မှုကို ဘုရားရှင်သည် ချီးကျူးတော်မူသည်။ သင်္ကန်းတို့ကို ကိုယ်တိုင်ချုပ်ဆိုး၍ ဝတ်ရုံ သုံးဆောင်ကောင်းသည်။ ဆိုးရေရှစ်မျိုးကိုလည်း ခွင့်ပြုတော်မူသည်။

---

စပယ်ဦးစာပေ

## မိဘတို့ကို ပေးနိုင်သည်

ရဟန်းတို့သည် အလှူရှင်တို့က လှူဒါန်းအပ်သော သက်န်းစသော လှူဘွယ်ဝတ္ထုတို့ကို နုတ်ရှာနိဗ္ဗာန် ရည်သန်၍မျှော်မှန်း၍ သဒ္ဓါတရားဖြင့် ပေးလှူကြကုန်၏။ ထိုသက်န်းစသော လှူဘွယ်ဝတ္ထုတို့ကို အမိအဖတို့အား စွန့်ကြဲပေးကမ်းနိုင်ကြောင်း ဘုရားရှင် ခွင့်ပြုတော်မူသည်။ အခြားပုဂ္ဂိုလ်များကို ပေးကမ်းခြင်းဌ ခွင့်ပြုတော်မမူပေ။

## ရေချိုးစဉ်ခါ သတိထားစရာ

ရဟန်းတို့သည် ရေချိုးသောအခါ ရေ၌မြူးတူးကစား၍ ရေမချိုးအပ်ပေ။ ချေးတွန်းသောအခါ၌လည်း ကာဠနန္ဒြပျက်၍ အမြင်မလျော်သူတို့ကဲ့သို့ တိုင်စောင်း၊ အုတ်နံရံ၊ ကျောက်ခဲစသည်တို့ဖြင့် ကိုယ်ကို ပွတ်တိုက်ချေးတွန်း၍ ရေမချိုးအပ်ပေ၊ လက်ဖနောင့်နှင့်လက်ဖဝါးတို့ဖြင့်သာချေးပွတ်သပ်၍ ရေချိုးရန် ဘုရားရှင်ခွင့်ပြုတော်မူသည်။

## တရားဟော ဓမ္မကထိက လမ်းညွှန်ပြ

မြတ်စွာဘုရားသည် ရှင်ရဟန်းတို့အား တရားဓမ္မဟောကြားရန် ခွင့်ပြုတော်မူ၏။ သို့သော် အသံရှည်ဆွဲ၍ ဂီတသီချင်းသံဖြင့် တရားဟောခြင်းကို ပစ်ပယ်တော်မူသည်။ အဘယ်ကြောင့် တားမြစ်ရသတည်းဟူမူ အသံရှည်ဆွဲ၍ ဂီတသီချင်းသံ

ဖြင့်တရားဟောခြင်း၌ (၁) မိမိအသံကိုသာယာနှစ်သက်ခြင်း၊ (၂) သူတပါးတို့လည်း သာယာနှစ်သက်၍ တဏှာဖြစ်စေခြင်း၊ (၃) ရတနာသုံးပါး၌ အစစ်အမှန် ကြည်ညိုသူတို့ ကဲ့ရဲ့ကြခြင်း၊ (၄)အသံရှည်ဂီတသံ မပျက်အောင် ကြောင့်ကြစိုက်ရသဖြင့် သမာဓိပျက်ခြင်း၊ (၅) နောက်နောင် ရဟန်းတို့ အတုယူများ ခြင်းဟူသော အပြစ်ငါးရပ်ကို ဖြစ်ရှိစေတတ်သောကြောင့် တားမြစ်တော်မူခြင်းဖြစ်သည်။

## ရတနာသပိတ်များ ပစ်ပယ်ထား

ဘုရားရှင်သည် ရဟန်းများ၏ အသုံးအဆောင်အဖြစ် သပိတ် တလုံး၊ သုံးထည်သော သင်္ကန်းတို့ကို ခွင့်ပြုတော်မူအပ်ခဲ့ပြီ။ ထိုတွင် သပိတ်ဟူသည် သံသပိတ်နှင့် မြေသပိတ်ကိုသာ ခွင့်ပြု တော်မူသည်။ ရွှေသပိတ်၊ ငွေသပိတ်၊ ပတ္တမြားသပိတ် စသော ရတနာသပိတ်များနှင့် သစ်သားဖြင့် ပြုလုပ်သော သပိတ်များ ကို ပယ်မြစ်တော်မူလေသည်။

## ဖိနပ်အိတ် ခွင့်ပြု

ဘုရားရှင်သည် ဖိနပ်စီးရန် ခွင့်ပြုတော်မူခဲ့လေပြီ၊ ၎င်းဖြင့် မစီးလိုသောအခါ၌ ဖိနပ်ချည်း အလွတ်မထားပဲ အိတ်ဖြင့် ထည့်ထားရန် ဖိနပ်အိတ်ကိုခွင့်ပြုတော်မူခဲ့လေသည်။

## နားဖာကလော်ခွင့်ပြု

ဘုရားရှင်သည် အရိုးဖြင့် ပြုလုပ်သော နားဖာကလော်၊ အစွယ်ဖြင့် ပြုလုပ်သော နားဖာကလော် စသော နားဖာ

ကလေ်တို့ကို ရဟန်းများ နဖာချေး သုတ်သင်ရန် ခွင့်ပြုတော်မူ၏။ သို့သော် ရွှေဖြင့်ပြုလုပ်သော နားဖာကလော်၊ ငွေဖြင့်ပြုလုပ်သော နားဖာကလော် စသော တန်ဖိုးများစွာထိုက်တန်သည့် နားဖာကလော် အမျိုးအစားကို ပယ်တော်မူလေသည်။

## ကုဋိတနေရာ စွန့်ကြပါ

ရဟန်းတို့သည် ကျင်ကြီးကျင်ငယ်စွန့်သောအခါ စည်းကမ်းမရှိ ထိုနေရာစွန့် ဤနေရာ စွန့်ပြုခြင်းကို ဘုရားရှင်ပစ်ပယ်တော်မူသည်။ ကျောင်းအာရာမ်အတွင်း သင့်တော်သောတနေရာ၌ စည်းကမ်းရှိစွာ ကျင်ကြီးကျင်ငယ် စွန့်ရန်ခွင့်ပြုတော်မူသည်။

## ကျောင်းအမျိုးမျိုးများ ခွင့်ပြုထား

ဘုရားရှင်သည် သားတော် ရဟန်းတို့အား ချမ်းသာစွာ အမြိုက်တရားကို ရှုပွားနိုင်စိမ့်သောငါ သီတင်းသုံးနေထိုင်ရာဖြစ်သည့် (၁) ကျောင်းရှည်ကို လည်းကောင်း၊ (၂)တဖက်ရပ်မိုးထားသောကျောင်းကို လည်းကောင်း၊ (၃) လေးထောင့်ပြာသာဒ်ကျောင်းကို လည်းကောင်း၊ (၄) ပြာသာဒ် ဦးပြည်းကျောင်းကို လည်းကောင်း၊ (၅) လိုဏ်ဂူကျောင်းကို လည်းကောင်း ခွင့်ပြုတော်မူလေသည်။ ကျောင်းငါးမျိုး ခွင့်ပြုခြင်းပင်ဖြစ်သည်။

## ကျောင်းတော်ဝိဟာ တန်ဆာဆင်မှုသတိပြု

ထိုကျောင်းတို့တွင် ကနုတ်ပန်း ခြူးပန်းစသည်တို့ဖြင့် အလှအပ တန်ဆာဆင်ခြင်းကို ခွင့်ပြုတော်မူခဲ့သည်။ သို့သော် မိန်းမ ယောကျ်ား အရုပ်စသည်တို့ဖြင့် ဆေးရေး ပန်းချီ တို့ကိုကား ကြည့်ရှုစရာ အလှအပတန်ဆာဆင်ခြင်းမှ ပယ်မြစ်တော် မူလေသည်။

## ဆွမ်းအနုမောဒနာ တရားဟောကြားခွင့်

ဘုရားရှင်သည် ရဟန်းတို့အား ဆွမ်းကပ်လှူရာ ဆွမ်းဘုဉ်းပေးရာတို့၌ ဆွမ်းလှူရကျိုးကို ရှေးရှုသော ဆွမ်းအနုမောဒနာ တရားကို ဟောကြားခြင်းငှာ ခွင့်ပြုတော် မူသည်။ ၎င်းပြင် မအပ်သော ဖိတ်ကြားခြင်းဖြင့် ဖိတ်ကြားသော ဆွမ်းအလှူဒါယကာ၏အိမ်တွင်ရဟန်းသုံးပါးသာအလှူခံဘုဉ်းပေးနိုင်သော "တိကဘောဇဉ်" ဆွမ်းကို ဘုရားရှင်ခွင့်ပြုတော်မူခဲ့ လေသည်။

## ဝါငယ် ဝါကြီး စာချ စာဆို နေထိုင်မှု

ဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်တော် သုတ်တန် အဘိဓမ္မာ တရားတော်တို့ကို ပို့ချ သင်ကြားသောအခါ၌ ပို့ချသင်ကြားသော ရဟန်းသည် သိက္ခာဝါကြီးသော ရဟန်းတော်ကြီးများ ပါလာခဲ့သော် ပို့ချသောသိတင်းငယ်ရဟန်းသည် သိတင်းကြီးတို့နှင့် နေရာထိုင်ခင်းတူညီသောအရပ်တို့၌နေ၍လည်ကောင်းတရားဓမ္မကို အလေးဂရုပြု၍ မြင့်မြတ်သော နေရာ၌လည်းကောင်း

နေခြင်းကို ခွင့်ပြုတော်မူ၏။ သိက္ခာဝါကြီးသော ရဟန်းသည် သိက္ခာဝါငယ်သော ရဟန်းက ပို့ချသင်ကြားမှုကို နာခံ မှတ်သားသောအခါ သီလသိက္ခာငယ်သော ပို့ချသည့် ရဟန်းနှင့် အတူညီသောအရပ်၌လည်းကောင်း၊ တရားဓမ္မကို အလေးဂရုပြုသဖြင့် နိမ့်သော နေရာ၌လည်းကောင်း နေခြင်းကို ခွင့်ပြုတော်မူသည်။

နှစ်ဝါကြီး နှစ်ဝါငယ် ရဟန်းတို့သည် ရဟန်းဝါ သုံးဝါအတွင်း ဖြစ်အံ့၊ တူညီသောနေရာ၌ နေထိုင်နိုင်သည်။ ၎င်းပြင် ကုဘင်တခု၌ နှစ်ပါးသာနေထိုင်ရန် ခွင့်ပြုတော်မူသည်။သို့သော် ရှည်လျားကျယ်ပြန့်သောနေရာဖြစ်အံ့၊နှစ်ပါးသုံးပါး စသည်ဖြင့် အတူနေထိုင်ရန် ခွင့်ပြုတော်မူသည်။

## သံဃိကပစ္စည်း မပေး မစွန့်ကောင်း

သံဃိက ဂရုဘဏ် ပစ္စည်းတို့ကို ပေးကမ်း စွန့်ကြဲမှု မပြုရ၊ ဝေဖန်ခွဲခြမ်းမှုမပြုရ၊ သာဝတ္ထိပြည် ရဟန်းအများနှင့် ကိဋာဂီရိအရပ်မှ အဿဇိပုဗ္ဗသုတ ရဟန်းများကို အကြောင်းပြု၍ ပညတ်တော်မူသည်။

## သံဃာဂိုဏ်းခွဲသော အပြစ်

တခါသော် ရှင်ဒေဝဒတ်သည် သံဃာကိုသင်းကွဲ ဂိုဏ်းဖွဲ့၍ သံဃဘေဒအမှုကို ပြုလေသည်။ ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်သည် ဒေဝဒတ်ကို လည်းကောင်း၊ အခြားသော ရဟန်းများကိုလည်းကောင်း၊ သံဃာသင်းကွဲအောင်ပြုခြင်းသည်

အလွန်အပြစ်ကြီးလေသည်ဟု ဩဝါဒ ပေးတော်မူဖူးလေသည်။ သံဃာသင်းခွဲ၍ ဒေဝဒတ် ထွက်သွားသောအခါ အရှင်အာနန္ဒာကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အောက်ပါ သံဝေဂ စကားကို မိန့်ကြားတော်မူပါသည်။

"သူတော်ကောင်းသည် ကောင်းသော အမှုကို ပြုလုပ်လွယ်၏။ သူယုတ်မာသည် ကောင်းသောအမှုကို ပြုလုပ်ရန်ခက်၏။ သူယုတ်မာသည် မကောင်းသောအမှုကို ပြုလုပ်ရန်လွယ်၏။ သူတော်ကောင်းတို့သည် မကောင်းသော အမှုကို ပြုလုပ်ရန်ခက်ခဲ၏။ သံဃာသင်းကွဲသော မကောင်းမှုကံသည် တကမ္ဘာပတ်လုံး အဝီစိငရဲ၌ ကျရောက်တတ်၏။ သံဃာညီညွတ်အောင်ပြုသော ကောင်းမှုကံသည် တကမ္ဘာပတ်လုံး နတ်တို့၏ စည်းစိမ်၌ ခံစားရ၏"

## အညစ်အကြေးများ သတိထား

နေလတို့အား အရောင်အလင်း မှေးမှိန်စေသော အညစ်အကြေးတို့ကား (၁) ဆီးနှင်း၊ (၂) မြူခိုး၊ (၃) တိမ်နှင့် (၄)ရာဟုအသူရိန်ဟူ၍ (၄)ပါးတို့ပေတည်း။ သာသနာ့ဝန်ဆောင် ရှင်ရဟန်းတို့အား သီလ အရောင်အလင်း မှေးမှိန်စေသော အညစ်အကြေးတို့ကား (၁) သူရာအရက်၊ (၂) မေထုန်၊ (၃)ရွှေငွေနှင့် (၄)မိစ္ဆာဇီဝ ဟူ၍ လေးပါးပေတည်း။

(ဝိနယ စူဠဝါပါဠိတော်)

---

**ပယ်ဦးစာမေ**

## ၁၄ ပါး ခန္ဓကဝင် ဘုရားပညတ်

တဆယ့်လေးပါးကုန်သော ခန္ဓကဝင် မည်သည်တို့ကို မဟာဝဂ်ခန္ဓက စူဠဝဂ်ခန္ဓက၌ မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏။ အဘယ်သို့ ဟောတော်မူအပ်ကုန်သနည်းဟူမူ....

၁။ အရာမ်အတွင်းသို့ မဝင်မီ ဖိနပ်ကိုချွတ်ခြင်း၊ ထီးကိုရုပ်ခြင်း၊ ဦးခေါင်းခြုံကိုဖွင့်ခြင်း၊ ဦးခေါင်း၌ ခြုံထားသော သင်္ကန်းကို ပုခုံးထက်သို့ချခြင်း၊ အာဝါသိကရဟန်းကြီးကို ရှိခိုးခြင်း စသော အာဂန္တုက ရဟန်းသာမဏေတို့ ပြုကျင့်အပ်သော ဝတ် လည်းကောင်း။

၂။ အာဂန္တုက ရဟန်းကြီးကိုမြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ သပိတ်သင်္ကန်းတို့ကို ကူညီလှမ်းယူခြင်း၊ အာဂန္တုက ရဟန်းကြီးကို အရိုအသေပြုရှိခိုးခြင်း၊ ခြေဆေးရေ၊ ခြေဆေးရာ အင်းပျဉ် စသည်တို့ကို အနီး၌ ထားပေးခြင်း စသော အာဝါသိသ ရဟန်းသာမဏေတို့ ပြုကျင့်အပ်သောဝတ် လည်းကောင်း။

၃။ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ စသည်တို့ကို သိမ်းသိမ်းဆည်းခြင်း၊ တံခါးမ လေသာတံခါးတို့ကိုပိတ်ခြင်း၊ ပန်ကြားလျှောက်ထား၍ သွားရခြင်း စသော ခရီးသွားမည့် ရဟန်းသာမဏေတို့ ပြုကျင့်အပ်သောဝတ် လည်းကောင်း။

၄။ မထေရ်ကြီးကိုယ်တိုင် အနုမောဒနာ တရားဟောခြင်း၊ မထေရ်ကြီးဖြစ်သော ပုဂ္ဂိုလ်က တိုက်တွန်းမှ တရားဟောခြင်း၊ ပန်ကြားလျှောက်ထား၍ တရားဟောခြင်း စသော တရားဟောရာဌာန၌ ပြုကျင့်အပ်သောဝတ် လည်းကောင်း။

၅။ တရားစကားဟောကြားခြင်း၊ ရဟန်းကြီးကို တိုးဝှေ့၍ မနေထိုင်ခြင်း၊ ရဟန်းငယ်အား နေရာထိုင်ခင်းဖြင့် မတားမြစ် မပိတ်ပင်ခြင်း စသော ဆွမ်းစားရာ ကျောင်းဇရပ်၌ ပြုကျင့် အပ်သောဝတ် လည်းကောင်း။

၆။ သဝိဘဏ္ဍာ၊ မြေဘဏ္ဍာ စသည်တို့ကို သိုမှီးသိမ်းဆည်း ခြင်း၊ သပိတ်ကို စင်ကြယ်အောင်ဆေးခြင်း၊ ခါးပန်းကြိုးကို ပတ်ဖွဲ့ခြင်း၊ သင်းပိုင် ကောသိတ်တို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း၊ သေခိယသိက္ခာပုဒ်တို့နှင့်အညီ သွားလာခြင်း၊ မနေးမမြန် မြို့ရွာ တွင်းသို့ ဝင်ခြင်း၊ မရှည်မကြာ ဆွမ်းခံရာ၌ရပ်ခြင်း စသော ဆွမ်းခံသော ရဟန်းသာမဏေတို့ ပြုကျင့်အပ်သော ဝတ်သည် လည်းကောင်း။

၇။ သောက်ရေ သုံးဆောင်ရေ တို့ကို တည်ထားခြင်း၊ မီးကပ်မီးခြစ်၊ တုတ်၊ တောင်ဝှေးတို့ကိုထားခြင်း၊ အာကာသ ကောင်းကင်မျက်နှာ၌ နက္ခတ်တာရာတို့ကိုမှတ်သားခြင်း စသော တောကျောင်းနေ ရဟန်းသာမဏေတို့ ပြုကျင့်အပ်သော ဝတ် လည်းကောင်း။

၈။ ညောင်စောင်း၊ ကုတင်၊ အင်းပျဉ် ကျောင်း အိပ်ရာ နေရာတို့ကို သုတ်သင်ရှင်းသင်းခြင်း၊ နေလှန်းခြင်း၊ နေရာ ကျောင်းနှင့် ရေချိုးခန်း ကုဋိအိမ် စသည်တို့ကို တံမြက်လှဲ့ သုတ်သင်ခြင်း စသော ကျောင်း၌ ရဟန်းသာမဏေတို့ ပြုကျင့် အပ်သောဝတ် လည်းကောင်း။

၉။ ပြာကိုစွန့်ခြင်း၊ တံမြက်လှဲခြင်း စသော ကျောင်းနေ ရဟန်းသာမဏေတို့ ပြုကျင့်အပ်သောဝတ် လည်းကောင်း။

---

စပယ်ဦးစာပေ

၁၀။ ချောင်းဟန့်ခြင်း၊ ကုဋီအနီးရှိ သက်န်းတန်း၌ သက်န်းကိုတင်ထား၍ မနေ့မလျင် ကုဋီအိမ်အတွင်းသို့ဝင်ခြင်း၊ သင်းပိုင်ကို ပင့်၍ မ,၍ မဝင်ခြင်း၊ ခြေနင်းစုံ၌ ခြေနင်းမိသော အခါမှ သင်းပိုင်ကိုပင့်မ,ခြင်း၊ ကြမ်းသော ကနုတ်စသည်တို့ဖြင့် မသုတ်ခြင်း၊ သန့်သည့်ရေကိုသုံး၍ ဆေးကြောခြင်း၊ ခြေနင်းခုံပေါ်၌ ရပ်နင်းစဉ် သင်းပိုင်ကိုဖုံးလွှမ်းချခြင်း စသော ကျင်ကြီးအိမ်၌ ရဟန်းသာမဏေတို့ ပြုကျင့်အပ်သောဝတ်လည်းကောင်း။

၁၁။ နံနက်စောစောထ၍ ကေသီကို လက်ကန်တော့တင်ကာ မျက်နှာသစ်ရေနှင့် ဒန်ပူကိုကပ်ခြင်း၊ ယာဂုဆွမ်းကပ်ခြင်း၊ သပိတ်ခွက်တို့ကို စင်ကြယ်အောင်ဆေးခြင်း၊ ကျောင်းအိပ်ရာ နေရာတို့ကို သန့်ရှင်းအောင် သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်စည်းလှဲခြင်း၊ နေရာခင်းကျင်းခြင်း စသော ပြုဖွယ်တို့ဖြင့် ဥပဇ္ဈာယ် ဆရာမြတ်အပေါ်၌ သဒ္ဓိဝိဟာရိက တပည့်ကောင်းတို့က ပြုကျင့်အပ်သောဝတ် လည်းကောင်း။

၁၂။ တရားကြောင်း အားလျော်စွာ သင်္ဂြိုဟ်ထောက်ပင့်ကာချီးမြှင့်ခြင်း စသော ပြုဖွယ်တို့ဖြင့် သဒ္ဓိဝိဟာရိက တပည့်ကောင်းတို့အပေါ်၌ ဥပဇ္ဈာယ် ဆရာမြတ်တို့က ပြုကျင့်အပ်သောဝတ် လည်းကောင်း။

၁၃။ နံနက်စောစောထ၍ ကေသီကို လက်ကန်တော့တင်ကာ မျက်နှာသစ် ရေနှင့် တံပူကိုကပ်ခြင်း၊ သပိတ် ခွက်တို့ကို စင်ကြယ်အောင်ဆေးခြင်း၊ ကျောင်း အိပ်ရာနေရာတို့ကိုသန့်ရှင်းအောင်သုတ်သင်ခြင်း၊နေလှန်းခြင်း၊ တံမြက်စည်းလှဲခြင်း၊ နေရာခင်းကျင်းခြင်းစသော ပြုဖွယ်တို့ဖြင့် ဆရာ လေးပါးတို့အပေါ်၌ တပည့်လေးပါးတို့က ပြုကျင့်အပ်သောဝတ်လည်းကောင်း။

---

၁၄။ တရားကြောင်းအားလျော်စွာ သင်္ဂြိုဟ်ထောက်ပံ့ကာ ချီးမြှင့်ခြင်း စသော ပြုဖွယ်ဖြင့် တပည့်လေးပါးတို့ အပေါ်၌ ဆရာလေးပါးတို့က ပြုကျင့်အပ်သောဝတ်လည်းကောင်း။

ဤသို့လျှင် တဆယ့်လေးပါးသော ခန္ဓကဝတ်တို့ကို ဘုရားရှင်သည် ဟောတော်မူအပ်ကုန်၏။ ထို ပြုကျင့်ဖွယ် ဝတ္တရားတို့ကိုလည်း အလုံးစုံ ဗုဒ္ဓဘာသာသာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် နေ့ညမပြတ် အခါ ခပ်သိမ်းလျှင် ပြုကျင့်ထိုက်သည့်အားလျော်စွာ ပြုကျင့်အပ်ကုန်၏။

## သီလ ဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ

ဝတ်ကြီးဝတ်ငယ် ပြုလုပ်ဖွယ်ကို ပြုလုပ်ဖြည့်ကျင့်ခြင်း မရှိသော ရဟန်းသာမဏေသည် ရှင်ရဟန်းတို့၏ သီလကို ဖြည့်ကျင့်သည်မမည်။ မစင်မကြယ် ညစ်နွမ်းသောသီလရှိသော ရဟန်းသာမဏေသည် အသိပညာ နည်းသည်ဖြစ်၍ မိမိတို့၏ စိတ်တည်ငြိမ်ခြင်းကို မရရှိနိုင်ချေ။

## သမာဓိမရှိပါက မဂ်ဖိုလ်မရရှိနိုင်

လေဘိုက်ခတ်သော တံခွန်ကဲ့သို့ လှုပ်ရှား ပျံ့လွင့်သောစိတ်ရှိသော ရဟန်း သာမဏေသည် များစွာသော အာရုံပြုဖွယ်ရှိသည်ဖြစ်၍ ကောင်းမွန်စွာ မဂ် ဖိုလ် နိဗ္ဗာန်ကို မရရှိ မမြင် မသိနိုင်ချေ၊ မဂ်နိဗ္ဗာန်ကို မရရှိ မမြင် မသိသော ရဟန်း သာမဏေသည် ခန္ဓာဝဋ္ဋဒုက္ခ ဆင်းရဲ အစုမှ မလွတ်မြောက်နိုင်တော့ချေ၊

---

စေယဉ်ဒီးစာပေ

## ဘုရားသားစစ်မှန် မြတ်နိဗ္ဗာန်သို့

ထို့ကြောင့်သာလျှင် ရဟန်းသာမဏေတို့ ပြုကျင့်အပ်သော ပြုကျင့်ထိုက်သော ပြုကျင့်ဖွယ် ဝတ်ကြီး ဝတ်ငယ်ကို ပျက်ကွက်မခံ မှန်ကန်စွာ ဖြည့်ကျင့်ရာ၏။ ချီးမွမ်းအပ်သော သဗ္ဗညု မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ အဆုံးအမ ဩဝါဒ တော်ကို အလေး ဂရုပြုမှု အရိုအသေပြုရသောကြောင့် အမြော် အမြင် ပညာမျက်စိအရှိကြီးရှိသော ဘုရားသားတော် သာသနာ တော်ထမ်း ရှင်ရဟန်းသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ် နိဗ္ဗာန်သို့ ကေန်မုချ ရောက်ရပေလိမ့်သတည်း။

(သိမှတ်ဖွယ်ရာ သာသနာသမိုင်းပြီး၏။)

## နေမှု ထိုင်မှု၌ ကျင့်ထုံးများ

### ဝတ်ကြီးဝတ်ငယ် ပြုစုပွယ်

ရဟန်းငယ်သည်ဥပဇ္ဈာယ်ဖြစ်သောဆရာရဟန်းကြီးအပေါ်၌ ပြုသင့် ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်များကို ကျေပွန်စွာ ပြုကျင့်ရသည်။ မပြုပါက ဒုက္ကဋ် အာပတ်သင့်၏။

## ဝါဆိုချိန်မှာ ဝါဆိုပါ

ဝါဆိုချိန်တွင်ဝါမဆိုပဲ ခရီးလှည့်လည်နေသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ဝါဆိုနေရာ ရွေးချယ်ပါ

ရဟန်းသည် ဝါဆိုသောအခါ၌ မိုးလေမလုံခြုံသော သစ်ပင် အပေါ်၊ သစ်ပင်ခွဆုံ၊ လှင်တီး ခေါင် လှင်ပြင် စသည်တို့၌ ဝါမဆိုအပ်၊ ဝါဆိုခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## ကတိတည်စွာဝါဆိုပါ

ရဟန်းသည် ဤကျောင်းတွင် ဝါဆိုမည်ဟု ကျောင်းတကာ အား ကတိပေးထားပြီးမှ အခြားတကျောင်း၌ ဝါမဆိုအပ်၊ ဝါဆိုခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ကြီးကျယ်ထယ်ဝါ မနေရာ

ကြီးကျယ်မြင့်မြတ်သော နေရာ၌ သုံးဆောင် နေထိုင်ခြင်း မပြုအပ်၊ ပြုခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## သူနာပြုစု ကရုဏာပွား

ဆရာသမားနှင့် စောင့်ရှောက်သူကင်း၍ အားထားရာ မဲ့နေ သော နာဖျားသည့်ရဟန်းကို သိတင်းသုံးဖော် နီးစပ်ရာရဟန်း

သည် ပြုစုစောင့်ရှောက်ရမည်။ မပြုစု မစောင့်ရှောက် ခဲ့သော် နိဿယ်ဆရာရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## နိုင်ထက်ကလူ မပြုရ

သီလစင်ကြယ်သော ရဟန်းကို အကြောင်းမဲ့ နှင်ထုတ်ခြင်း မပြုအပ်၊ ပြုခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ဆံရှည်ကိုယ်တော် မြင်မလျော်ပါ

လက်နှစ်သစ်ထက် ကျော်လွန်အောင် ဆံပင်ရှည်မထားအပ်၊ ထားခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ဆံကိုဖီးသပ်မပြုရ

ရဟန်း၏တိုတောင်းသော ဆံပင်များကို ဘီးစသည်ဖြင့် မဖီးမသပ်အပ်၊ဖီးသပ်ခဲ့သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## အလှပြင်ရန် မှန်မကြည့်အပ်

မှန်မကြည့်အပ်၊ကြည့်ခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။ (သို့သော် မျက်နှာ၌ အနာပေါက်လျှင် ကြေးမုံမှန် ရေချက်နှာပြင် စသည်တို့၌ မိမိမျက်နှာအရိပ်ကို အနာကုစားခြင်း အထောက်အပံ့ကို ရည်၍ ကြည့်ရှုရန်ဘုရားရှင် ခွင့်ပြုတော်မူပါသေးသည်။)

## နံ့သာကာမဂ္ဂိုဏ် မစုံမက်ရ

မျက်နှာ၌ သနပ်ခါး၊မျက်နှာချေ၊ ပေါင်ဒါ မိတ်ကပ်တို့ကို မလိမ်းခြယ်အပ်၊ လိမ်းခြယ်ခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

## ကပ်ကျေးဆံဖြတ် မပြုအပ်

ရဟန်း၏ ဆံပင်ကို ကပ်ကျေးဖြင့် ကိုက်ဖြတ်ခြင်း မပြုအပ်၊ ပြုခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ခြေသည်းလက်သည်း အရှည်ကြီး မထားကောင်း

ခြေသည်း လက်သည်းတို့ကို ခြေဖျား၊ လက်ဖျား အသား ထက် ပိုနေအောင် ခြေသည်းရှည်လက်သည်းရှည် မထားအပ်၊ ထားခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## နှာခေါင်းမွေးရှည်စွာ ပါယ်ပါ မအပ်

နှာခေါင်းပေါက်အပြင်သို့ ထွက်အောင် နှာခေါင်းမွေး အရှည်မထားအပ်၊ ထားခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။

---

ပေယျာလပြီးစာပေ

## ဆိုတီး အကမကြည့်ရှုရ

က, ဆိုတီးမှုတ်သော ပွဲသဘင်ကို ကြည့်ရှုနားထောင်ခြင်း မပြုအပ်၊ ကြည့်ရှုနားထောင်ခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။ ၎င်းပြင် ကြည့်ရှုနားထောင်ရန် သွားသော ရဟန်း၊ ကြည့်ရှုနားထောင်ရန် ရပ်၍ထိုင်၍ နေသောရဟန်း စသည့်တို့ အားလည်း ဒုက္ကဋ်အာပတ် သင့်စေသည်။ မြို့တွင်းရွာတွင်း ဆွမ်းစားကျောင်းအနီးဝယ် အက၊အဆို၊အတီး၊အမှုတ် စသည် တို့ကိုကြည့်ရှုနားထောင်ရန် တမင်ထ၍ သွားသောရဟန်းနှင့် ကြည့်ရှု နားထောင်သော ရဟန်း၊ ခရီးသွားစဉ် မိမိနောက်မှ အက အဆို၊အတီး အမှုတ်တို့ကို ကြည့်ရှုနားထောင်လိုသည် ဖြစ်၍ တမင်လှည့်ကာ ကြည့်ရှုနားထောင်သော ရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မှတ်ချက်။** ။ကျောင်းအတွင်း နေရာ၌ နေစဉ် အက၊ အဆို၊ အတီး၊ အမှုတ်များ ရောက်လာ၍ မြင်မိ၊ ကြည့်မိ ခြင်း၊ ခရီးသွားစဉ် ခရီးရင်ဆိုင်၌ အက၊ အဆို၊ အတီး အမှုတ်တို့ကို မြင်မိကြည့်မိခြင်း၊ ထိုရဟန်း အား အာပတ်မသင့်ပေ။

# ကျောင်း အိပ်ရာနေရာ၌ ကျင့်ထုံးများ

## ပန်းမွေ့ရာထက် မကျိန်းစက်ရ

ပန်းမွေ့ရာခင်း၍ မအိပ်အပ်၊ အိပ်ခဲ့သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## အာဝါသ မစ္ဆရိယ မများရ

ကျောင်းနှစ်ကျောင်း စံသည်ကို မိမိ တဦးတည်း ပိုင်လို၍ အခြားရဟန်းအား နေမှုထိုင်မှု စသည်မှ မတားမြစ်အပ်၊ တားမြစ်ခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## တကျောင်း သံဃိက တကျောင်းသို့ မရွှေ့ပြောင်းရ

ကျောင်းတကျောင်း၌ သံဃိကလှူဒါန်းထားသော သေနာသနပစ္စည်းကို အခြားတကျောင်းသို့ ရွှေ့ပြောင်းအသုံးမပြုအပ်၊ အသုံးပြုခဲ့သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## အိပ်ရာ နေရာ သန့်ရှင်းပါ

မသန့်ရှင်းသော ခြေထောက်၊ ရေဆေး ထားသော်လည်း စိုစွတ်နေသော ခြေထောက်တို့ဖြင့် အိပ်ရာပေါ်သို့ နင်းခြင်းနှင့် ဖိနပ်စီးလျက် အိပ်ရာပေါ်သို့ တက်ခြင်းများကို မပြုအပ်၊ ပြုခဲ့သော ရဟန်းများအား ဒုက္ကဋ် အာပတ်သင့်၏။

---

စပယ်ဦးစာပေ

## တံတွေးထွေးမှု စည်းကမ်းပြု

ပြန့်ပြူးညီညာသော တံမံတလင်းအပြင် မြေအပြင်ပေါ်တို့၌ တံတွေးမထွေးအပ်၊ ထွေးခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

## အားပေးအားမြှောက်ဝမ်းမမြောက်နှင့်

သံဃာသင်းကွဲမှု၌ သံဃာသင်းခွဲစေသော သံဃဝေဂျက အယူဝါဒကို သဘောကျ လက်ခံကာ နောက်လိုက် ရဟန်း အဖြစ် အားပေးအားမြှောက် မပြုအပ်၊ ပြုခဲ့သောရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။

# သုံးဆောင်မှုဆိုင်ရာ ကျင့်ထုံးများ

## လူစီးဖိနပ် မစီးအပ်

အညိုအဆင်း၊ အဝါအဆင်း၊ အနီအဆင်း၊ မောင်းသော အရောင်အဆင်း၊ အနက်အဆင်းရှိသော ဖိနပ်မျိုးကို မစီးအပ်၊ စီးခဲ့သော ထိုရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။ ကြိုးသိုင်း ဖိနပ်၊ လေလုံသော စစ်ဖိနပ်၊ (ဘွတ်ဖိနပ်၊ နောက်ပိတ် ခြေစွပ် ရှူးဖိနပ်၊ အဆန်းအကြယ် ပြုအပ်သော ဖိနပ်၊) စသည်တို့ကို

မစီးအပ်၊ စီးခဲ့သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။ ၎င်းပြင် သစ်သားဖိနပ်၊ ခုံဖိနပ်ကိုလည်း မစီးအပ်၊ စီးခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## နွားရေအခင်း ရှောင်သွေကင်း

နွားရေအခင်းကို မသုံးဆောင်အပ်၊ သုံးဆောင်ခဲ့သော ထိုရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## အင်္ကျီလူ့အသွင် မဝတ်ဆင်ရ

အင်္ကျီကို မဝတ်အပ်၊ ဝတ်ခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ဦးထုပ် ခေါင်းပေါင်း မပတ်ဆောင်းရ

ဦးထုပ် ခေါင်းပေါင်းတို့ မဆောင်းမပေါင်းအပ်၊ ဆောင်းခဲ့ ပေါင်းခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ထွေပြားညစ်ညမ်း ကျင့်မသွမ်းရ

ရေချိုးစဉ် သစ်ပင်၊ နံရံတိုင်စသည်တို့ကို ကိုယ်ဖြင့်ပွတ်တိုက်၍ ရေမချိုးအပ်၊ ချိုးခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

---

စပယ်ဦးစာပေ

## လူကို ချေးပွတ် မဆန်းကတ်နှင့်

ချေးပွတ်သော သစ်သားလက်၊ မှတ်ကျောက်ချိတ်လုံးစသည် တို့ဖြင့် ကိုယ်၌ ချေးတွန်း၍ ရေမချိုးအပ်၊ ချိုးခဲ့သော ရဟန်း အား ဒုက္ကဋ်အာပတ် သင့်၏။

## ပစ္စည်းတံပိုး အမြင်ဆိုးသည်

သယ်ဆောင်စရာ ပစ္စည်းတို့ကို လူတို့ကဲ့သို့ တံပိုးဖြင့် ရှေ့နောက်နှစ်ဖက် မထမ်းအပ်၊ ထမ်းခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## လူ့တန်ဆာလျှင် မဝတ်ဆင်နှင့်

လူတို့တန်ဆာဖြစ်သောနားတောင်း၊ စိန်နားကပ်၊ ကျောက် နားကပ်၊ ရွှေနားကပ်၊ စလွယ်ကြိုး၊ ဆွဲကြိုး၊ ခါးကြိုး၊ လက်ကြပ်၊ လက်စွပ်၊ လက်ကောက် စသည်တို့ကို မဝတ်ဆင်အပ်၊ ဝတ်ဆင် ခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ရွှေငွေမှန်က အလှူမခံရ

ရွှေ ငွေ အသပြာများ မိမိအတွက် အလှူမခံရ၊ အလှူခံခဲ့သော ရဟန်းအား နိဿဂ္ဂိယပါစိတ် အာပတ် သင့်၏။ မိမိမှတပါး သံဃာဂိုဏ်း ပုဂ္ဂိုလ်တပါး၊ စေတီ ဘုရား စသည်အတွက် အလှူ မခံအပ်၊ အလှူခံခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

---

စယ်ဦးစာပေ

### ဒုက္ကဋ်ဝတ္ထု အစုစု

ပုလဲ၊ မြ၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်၊ စပါး ခုနစ်မျိုး၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ လယ်၊ ယာ၊ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်၊ ဤအရာဝတ္ထုများကို မိမိအတွက် ဖြစ်စေ သူတပါးအတွက် ဖြစ်စေ အလှူခံခြင်း၊ တိုက်တွန်းခြင်း မပြုအပ်၊ အလှူခံမှုအလှူခံစေမှု ပြုခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### သင်္ကန်း သပိတ် ပရိက္ခရာ ကျင့်ထုံးများ

#### သင်္ကန်းမည်မှု ဝတ်ရုံကြ

မားခွဲ၊ ခါးပြတ်၊ အနားပတ် စသည်မပါသော သင်္ကန်းကို မဝတ်ရုံအပ်၊ ဝတ်ရုံခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

#### အလှူခံပစ္စည်း အချည်းနှီးမဖြစ်စကောင်း

သဒ္ဓါသဖြင့်ပေးလှူအပ်သော သင်္ကန်းစသော လှူဖွယ်ဝတ္ထုကို မိမိဖမှုတပါး အခြားသော ပုဂ္ဂိုလ်တို့ကို မပေးမစွန့်အပ်၊ ပေးစွန့်ခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

---

## ကာလသံဃိက အလှူခံမှု သတိပြု

ကျောင်းတိုက်တခုတွင် ဝါဆို၍ အခြားကျောင်းတိုက်တခု၌ သင်္ကန်းကာလတွင်ဖြစ်ရှိသော သံဃိက သင်္ကန်းကို မခံယူ မသုံးဆောင်အပ်၊ ခံယူသုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

## အဆန်းဆန်း အပြားပြား ဝတ်ရုံခြား မသင့်

အမျိုးပြားသောအဆင်း၊နံ့သွင်းရောင် ထိန့်ဝါသောအဆင်း၊ ခေါင်ရမ်းပန်းရောင်နီသော အဆင်း၊ မဲနက်သော အဆင်း၊ ကင်းခြေများ ကျောကုန်းအဆင်းနှင့် ဖက်ရွက်လျှော်ရောင် အဆင်းရှိသောသင်္ကန်းတို့ကိုလည်းကောင်း၊ အမြိတ်အနားများ မပြတ်သောသင်္ကန်း၊ ပန်းပွင့် အမြိတ်အနားရှိသော သင်္ကန်း နှင့်မြွေပါးပျဉ်းကဲ့သို့ အမြိတ်အနားရှိသော သင်္ကန်းတို့ကို လည်း ကောင်း၊ မဝတ်ရုံ မသုံးဆောင်အပ်၊ ဝတ်ရုံ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## သစ်သား သပိတ်မှန် မသုံးရန်

သစ်သားဖြင့် ပြုလုပ်သော သပိတ်ကို မသုံးအပ်၊သုံးခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

---

ပေယျာလ

## သပိတ် သန့်ရှင်းမှု သတိပြု

ရေမခြောက်သေးသော သပိတ်ကို သိမ်းဆည်းခြင်း၊ ရေမခြောက်သေးသော သပိတ်ကို နေ၌ လှန်းထားခြင်းနှင့် ရေမခြောက်သေးသော သပိတ်ကိုနေ၌ပစ်ထားခြင်းတို့ကို မပြုအပ်၊ ပြုခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## ဦးခေါင်းခွံဖြင့် မသင့် သပိတ်

လူဦးခေါင်းခွံကို သပိတ်မပြုအပ်၊ ပြုခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## ရောပြွမ်းသက်န်းပြု ပံ့သုကူစုတင်

အလုံးစုံ ပံ့သုကူစုတင် မဆောင်အပ်၊ ဆောင်ခဲ့သောရဟန်း အား ဒုက္ကဋ်အာပတ်သင့်၏။

## သပိတ်ခွက်အား စားကြွင်း မထည့်ဆောင် စကောင်း

အရိုးအရည်၊ စားဖတ်၊ ဝါးဖတ်အခွံအမှိုက်များနှင့် ခံတွင်း ပလုပ်ကျင်းသောရေတို့ကို သပိတ်၌ထည့်၍ မဆောင်အပ်၊ ထည့်ဆောင်ခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## သက်န်းမြတ်ကို လူလိုမဝတ်ရ

လူတို့ကဲ့သို့ သက်န်းကို ပုဆိုးဝတ်ခြင်း၊ ခြုံခြင်း၊ ခါးတောင်းကျိုက်ခြင်း၊ မဝတ်အပ်၊ ဝတ်ခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## အစားအသောက်များ သတိထား

မအပ်စပ်သော နေထိုင်ရာကျောင်း အဆောက်အအုံတွင်း၌ ထားသော အခွေဝဋ္ဋ စားသောက်ဖွယ်တို့ကိုမစားအပ်၊ မအပ်သော နေထိုင်ရာ ကျောင်းအဆောက်အအုံတွင်း၌ ချက်ပြုတ်သော အန္တေဝါသ စားဖွယ်ကို မစားအပ်၊ ကိုယ်တိုင် ချက်ပြုတ်အပ်သော သာမန်ပက္ကစားဖွယ်လို မစားအပ်၊စားသောက်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## ဇာတ်တူလူသား မစားကောင်း

လူ၏အသားကို မစားအပ်၊ စားခဲ့သော ရဟန်းအား၊ ထုလ္လစ္စည်း အာပတ်သင့်၏။

## ဝေမဟိက အသား ဖယ်ရှောင်ရှား

အဘယ်အသားမျိုးမှန်းမသိပဲ (ဆင်ခြင် စူးစမ်းခြင်းမရှိပဲ) မစားအပ်၊ စားခဲ့သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

## အဆိပ်လွှမ်းသား ရှောင်ရှားပါလေ

ဆင်သားကိုလည်းကောင်း၊ မြင်းသားကို လည်းကောင်း၊ ခွေးသားကိုလည်းကောင်း၊ မြွေသားကိုလည်းကောင်း၊ ခြင်္သေ့သားကိုလည်းကောင်း မစားအပ်၊ မဘုဉ်းပေးအပ်၊ စားသော ဘုဉ်းပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ၎င်းပြင် တမင်ကလာရ ည်စူး၍ သတ်ဖြတ် ဖျက် ချက်ပြုတ် ကပ်လှူသော အသားကို မစားအပ်၊ စားခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ခရီးသွားလာမှု ကျင့်ထုံးများ

### တိရစ္ဆာန် ယာဉ်ရထား သတိထား

ဆင်၊ မြင်း၊ နွား စသော သက်ရှိယာဉ်ရထားကို မစီးအပ်၊ စီးခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### ရေစစ်မပါ ခရီးမသွားရာ

ရေစစ်မပါပဲ ခရီးမသွားအပ်၊ သွားခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### ခရီးသွားအား ရေစစ်ငှားပါ

ခရီးရှည်သွားမည့် ရဟန်းက မိမိထံ၌ရေစစ်ကိုငှားလာသော် မငှားပဲမနေအပ်၊ မငှားခဲ့သော် ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### ခါးပန်းကြိုးမပါ မြို့ရွာမဝင်စကောင်း

ခါးပန်းကြိုး မစည်းမပတ်ပဲ မြို့တွင်း ရွာတွင်းသို့ မသွားအပ်၊ သွားခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## သံဃာဒိသေသ်ကျင့်ထုံးများ

### တောင်းတောင်းပန်ပန် ရဟန်းခံ

သံဃာတော်အား တောင်းပန်လျှောက်ထားခြင်း မရှိသော ရဟန်းလောင်းကို ရဟန်းပဉ္စင်းမပြုပေးအပ်၊ ပြုလုပ်ပေးခဲ့သော် ထိုရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### ဆယ်ဝါပြည့်မှ ဥပဇ္ဈာယ်ပြုကြ

ရဟန်းသည် အစဉ်သဖြင့် ဆယ်ဝါမရသေးပဲ ရဟန်းလောင်းကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပဉ္စင်းခံမပေးအပ်၊ ပြုလုပ်ပေးခဲ့သော် ဒုက္ကဋ် အာပတ်သင့်၏။ ဆယ်ဝါပြည့်ငြားသော်လည်း ဝိနည်း ဥပဒေ၌ လိမ္မာကျွမ်းကျင်မှုမရှိပဲ ဥပဇ္ဈာယ်ပြု၍ ရဟန်း ပဉ္စင်းခံ မပေးအပ်၊ ရဟန်းပဉ္စင်းခံပေးခဲ့သော်၊ ပြုပေးသော်ထိုရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### အနာကြီးမျိုး စွဲကပ် ရဟန်းမခံအပ်

(၁) နူနာ၊ (၂) အိုင်းအမာနာ၊ (၃) ခရုသင်း၊ (၄) ပွေးညှင်း၊ တင်းတိတ်အနာ၊ (၄) ခယရုပ်ချောင်းဆိုးအနာ၊ (၅) ရူးသွပ်သော အနာ၊ ဤအနာကြီး ငါးမျိုးစွဲကပ်နေသူကို ရှင်ရဟန်း ပြုမပေးအပ်၊ ရှင်ရဟန်းပြုပေးခဲ့သော် ပြုပေးခဲ့သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

---

## မင်းခယောကျ်ား စိစစ်တား

မင်းခစားယောကျ်ားအား ရှင်ရဟန်းပြုမပေးအပ်၊ ပြုပေးသော်၊ ပြုပေးသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## သူခိုးဓားပြ ရဟန်းမပြုအပ်

ရွာကျော်ရပ်ကျော်ပေါ်လွင်ထင်ရှားခသော သူခိုးဓားပြအား ရှင်ရဟန်းမပြုပေးအပ်၊ပြုပေးခဲ့သော် ပြုပေးသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## အချုပ်ပြေးတရားခံ လက်မခံ

ဖမ်းဆီးချုပ်နှောင်ထားရာမှ ထွက်ပြေးလာသူကို ရှင်ရဟန်းပြုမပေးအပ်၊ ပြုပေးခဲ့သော် ပြုပေးခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## သူ့ကြွေးရှိက ရဟန်းမခံရ

ပေးဆပ်စရာ သူ့ကြွေးရှိသောသူကို ရှင်ရဟန်းပြုမပေးအပ်၊ ပြုပေးခဲ့သော် ပြုပေးသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## သူ့ကျွန်တရပ် ရဟန်းမပြုအပ်

သူတပါးပိုင်ဆိုင်သော ကျေးကျွန်ကို ရှင်ရဟန်းပြုမပေးအပ်၊ ပြုပေးခဲ့သော် ပြုပေးခဲ့သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

---

## မိဖခွင့်မပြု ရဟန်းမှုမပြီး

မိဖက ခွင့်ပြုခြင်းမရှိသောသူကို ရှင်ရဟန်းပြုမပေးအပ်၊ ပြု ပေးခဲ့သော် ပြုပေးသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## အငှားကိုင်ဆောင် ရဟန်းဘောင်မဝင်

သပိတ်သင်္ကန်း ငှားရမ်းလာသော ရဟန်းလောင်းနှင့်သပိတ် သင်္ကန်းမရှိသော ရဟန်းလောင်းတို့ကို ရဟန်းပဉ္စင်းခံမပေးအပ်၊ ပြုပေးခဲ့သော် ပြုပေးသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## ဝိနည်းကံမလျော် မန္တီးဆော်ရ

ရဟန်းသိက္ခာပုဒ်တို့နှင့်မလျော်မလျောက်ပတ်သော အမှုကိစ္စ တို့ကို တိုက်တွန်းခြင်း၊နှိုးဆော်ခြင်း၊ ဆောက်တည်စေခြင်း မပြု အပ်၊ပြုခဲ့သော် ထိုပြုခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

# အယူဝါဒဆိုင်ရာ ကျင့်ထုံးများ

## အယူဝါဒ မဖောက်ပြန်အပ်

ဝါဒတပါး မိစ္ဆာအယူရှိသော တိတ္ထိများ၏ အယူအကျင့်ကို အားကျ၍ အဝတ်သင်္ကန်းမဆီး ဗလာကိုယ်ချည်း အကျင့်မျိုး မကျင့်ရပါ၊ ကျင့်ခဲ့သော် ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်၏။

---

### ဓမ္မကထိက သီချင်းမဆိုရ

အသံရှည်ဆွဲ၍ ဂီတသီချင်းသံဖြင့် တရားတော်ကို မဟော ကြားအပ်၊ ဟောခဲ့သော် ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### သက်န်း အာယောဂ ပတ်ဖွဲ့မထိုင်အပ်

သက်န်း အာယောဂ ပတ်ဖွဲ့၍မထိုင်အပ်၊ ထိုင်ခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### ရုပ်ကြမ်းဝါဒ မသင်ယူရ

လောကယတခေါ် ရုပ်ဝါဒကြမ်းများ သင်ကြားပို့ချခြင်း မပြုအပ်၊ ပြုခဲ့သော် ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### မင်္ဂဖိုလ် ဖီလာ ပညာမသင်ကောင်း

မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း အကျင့်၏ ဆန့်ကျင်ဖက် ဖြစ်သော တိရစ္ဆာန်နဝိဇ္ဇာ အတတ်ပညာမျိုးကို သင်ကြားပို့ချ ခြင်း မပြုအပ်၊ ပြုခဲ့သော် ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

### လောကွတ်စကား မချေမှားရ

ချေဆတ်သောအခါ "အသက် ရာကျော်ရှည်ပါစေ"ဟု လောကွတ်စကားဖြင့် ယောင်ယမ်းမချေဆတ်အပ်၊ ယောင်ယမ်း ချေဆတ်ခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

---

စယယ်ဦးစာပေ

## သိက္ခာကြီးက ရိုသေကြ

သိက္ခာကြီးသော ရဟန်းပုဂ္ဂိုလ်ကို ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ နေရာပေးခြင်း စသည်တို့ကို မပြုပဲမနေအပ်၊ နေခဲ့သော် ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

## မလျှောက်ပတ်ရာ ဒုက္ကဋ်သာ

"အသပ္ပါယဋ္ဌာနေဒုက္ကဋံ"ဟူသော စကားနှင့်အညီ ရဟန်းတို့နှင့် မသင့်မလျော်သော အမှုကိစ္စမှန်သမျှကို ပြုလုပ်ခြင်းသည် "ဒုက္ကဋ်အာပတ်"သင့်သည်ချည်းသာ မှတ်အပ်၏။

# ဝိနည်းတော်လာ
# ကျက်မှတ်စရာ အဖြာဖြာ

## ပစ္စဝေက္ခဏာ ပါဌ်အနက်

၁။ သင်္ကန်းကိုဆင်ခြင်ရန်

ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊

ဍံသမကသ- ဝါတာတပ- သရိသပ္ပ- သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရိကောပိန- ပဋိ- စ္ဆာဒနတ္ထံ။

ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝပဋိဃာတာယဝေ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝပဋိဃာတာယဝေ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ ဍံသ-မကသ-ဝါတာတပ-သရိသပ္ပ-သမ္ဖဿာနံ၊ မှက်-ခြင်-ယင်၊ လေ-နေ-ပူ၊ မြွေ-ကင်း-သန်းတို့၏ အတွေ့ကို၊ ယာဝပဋိဃာတာယဝေ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝဟိရိကောပိနပဋိစ္ဆာဒနတ္ထံဝေ၊ ဟိရိ၊ ဂုဏ်ကိုဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်း အကျိုးငှာ သာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

## ၂။ ဆွမ်းကိုဆင်ခြင်ရန်

ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝဒဝါယ နမဒါယ၊ နမဏ္ဍနာယ၊ နဝိဘူသနာယ၊ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိတ်ံ သု-ပ-ရတိယာ၊ ဗြဟ္မစရိယာ ဒုဂ္ဂဘာယ၊ ဣတိ ပုရာဏဉ္စဝေဒနံပဋိဟင်္ခါမိ၊ နဝဉ္စဝေဒနံ နဥပ္ပါဒေဿာမိ၊ ယာတြာစမေ ဘဝိဿတိ၊ အနဝဇ္ဇတာစ၊ ဖာသုဝိဟာရောစ။

ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ
ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော
အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဒဝါယ၊ ရွာသူသား
ငယ်တို့ကဲ့သို့ မြူးတူးပျော်ပါး ကစားခြင်းငှာ။ နေဝပဋိသေဝါမိ၊
မမှီဝဲပါ။ မဒါယ၊ လက်ဝှေ့ လက်ပန်းသည် စသည်တို့ကဲ့သို့
အားဟူသော မာန်ယစ်ခြင်းငှာ။ နပတိသေဝါမိ၊ မမှီဝဲပါ။
မဏ္ဍနာယ၊ နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီးငယ်
ပြည့်ဖြိုးခြင်းငှာ။ နပဋိသေဝါမိ၊ မမှီဝဲပါ။ ဝိဘူသနာယ၊
ကျွမ်းသမား ကချေသည်တို့ကဲ့သို့ အရည်အချင်း လှပတင့်တယ်
ခြင်းငှာ။ နပဋိသေဝါမိ၊ မမှီဝဲပါ။ ဣမဿ ကာယဿ၊ ဤ
ရူပကာယ၏။ ယာဝဋ္ဌိတိယာ ဧဝ၊ တည်ရုံငှာသာလျှင်။ ယာဝ-
ယာပနာယဧဝ၊ မျှတရုံငှာသာလျှင်။ ယာဝဗြဟ္မစရိယာ
နုဂ္ဂဟာယ ဧဝ၊ သာသန ဗြဟ္မစရိယာ မဂ္ဂဗြဟ္မစရိယာ နှစ်ပါးကို
ချီးမြှောက်ရုံငှာသာလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာ
ဟာရကို။ ပဋိသေဝါမိ မှီဝဲပါ၏။ ဣတိဣမိနာ-ပိဏ္ဍပါတံ-ပဋိ-
သေဝနေန၊ ဤသို့ ဆွမ်းကို မှီဝဲသဖြင့်။ ပုရာဏံ၊ အဟောင်းဖြစ်
သော။ ဝေဒနာဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ ပဋိသင်္ခါမိ၊ ပယ်
ဖျောက်အံ့။ နဝံ၊ အသစ်ဖြစ်သော။ ဝေဒနာဉ္စ၊ ဆင်းရဲဝေဒနာ
ကိုလည်း။ နဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ မေ၊ ငါ့အား။
ယာတြာစ၊ မျှတခြင်းသည် လည်းကောင်း။ အနဝဇ္ဇတာစ၊
အပြစ်မရှိခြင်းသည်လည်းကောင်း။ ဖာသုဝိဟာရောစ၊ ချမ်းသာ
စွာ နေရခြင်းသည် လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။
ဣတိ၊ ဤသို့နှလုံးပြု၍။ ပိဏ္ဍပါတံ၊ ဆွမ်း အစရှိသော အာဟာ
ရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

## ၃။ ကျောင်းကိုဆင်ခြင်ရန်

ပဋိသင်္ခါယောနိသော သေနာသနံ ပဋိသေဝါမိ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ၊ မကသ၊ ဝါတာတပ-သရီသပ၊ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ၊ ဥတု-ပရိဿယ-ဝိနောဒန-ပဋိသလ္လာ-နာရာမတ္ထံ။

ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ၊ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ သေနာသနံ၊ အိပ်ရာနေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲ့ပါ၏။ သီတဿ၊ အေးကို။ ယာဝပဋိဃာတာယဧဝ၊ ပါယ်ဖျောက်ရုံငှာသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ ဍံသ၊ မကသ၊ ဝါတာတပ၊ သရီသပ၊ သမ္ဖဿာနံ၊မှက်ခြင်ယင်၊ လေနေပူ၊ မြွေကင်းသန်းတို့၏ အတွေ့ကို။ ယာဝပဋိဃာတာယဧဝ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ သေနာသနံ၊ အိပ်ရာနေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ-ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာ နာရာမတ္ထံဧဝ၊ဥတုဘေးရန်ကိုပယ်ဖျောက်ခြင်း၊ ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးငှာသာလျှင်။ သေနာသနံ၊ အိပ်ရာနေရာကျောင်းကို ပဋိသေဝါမိ၊ မှီဝဲပါ၏။

## ၄။ ဆေးကို ဆင်ခြင်ရန်

ပဋိသင်္ခါယောနိသော၊ ဂိလာန၊ ပစ္စယ၊ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ။ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာ

ဗာမိကာနံ ဝေဒနာနံ ပင်္ဂိဃာတာယ၊ အဗျာပဇ္ဇ ပရမ တာယ။

ယောနိုသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ၊ ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ ဂိလာန၊ ပစ္စယ၊ ဘေသဇ္ဇ၊ ပရိက္ခာရံ၊ အနာ၏ဆန့်ကျင်ဖက်၊ အသက်၏ အရံအကာ အဆောက်အဦ ဖြစ်သောဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော။ ဝေယျာဗာမိကာနံ၊ မာတ်ချောက်ချား ခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဆင်းရဲဝေဒနာတို့ကို။ ယာဝပဋိဃာတာယဝေ၊ ပယ်ဖျောက်ရုံငှာသာလျှင်။ ယာဝ အဗျာပဇ္ဇ၊ ပရမတာယဝေ၊ အနာကြောင့်ဖြစ်သော ဆင်းရဲ ခြင်း၏မရှိခြင်း အကျိုးငှာသာလျှင်။ ဂိလာန၊ ပစ္စယ၊ ဘေသဇ္ဇ၊ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင်ဘက်၊ အသက်၏ အကာအရံ၊ တန်ဆာ အဆောက်အဦ ဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

ဤပစ္စည်း ၄ ပါး ပစ္စဝေက္ခဏာ ဆင်ခြင်ပွားများရန် ၄-ပုဒ် ကို စတုကင်္ဂုတ္တိုရ် ပါဠိတော်၌ "အာသဝက္ခယသုတ်" ဟူသော အမည်ဖြင့် ဟောတော်မူသည်။ စားစဉ်,ဝတ်စဉ်,ကျောင်းပေါ် တက်စဉ်နှင့် ဆေးဝါးမှီဝဲစဉ်တို့၌ ဆင်ခြင်ပွားများသဖြင့် အာ သဝေါကုန်၍ ရဟန္တာဖြစ်ဘူးသော သာဓကများစွာရှိခဲ့သည်။ အကျိုးများလှ၏။ ရှင်ရဟန်းတို့ မပြတ်ဆင်ခြင် ပွားများကြပါ။

## ဥပဇ္ဈာယ်ယူပုံ

**တပည့်**။ ။ဥပဇ္ဈာယ်ယော မေ ဘန္တေ ဟောတိ(သုံးခေါက်)

ဘန္တေ၊ အရှင်မြတ်ဘုရား။ အယသ္မာ၊ သက်တော်ရှည်သော။ တုံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ဘုရားတပည့်တော်၏။ဥပဇ္ဈာယ် ယော၊ အပြစ်ကြီးအပြစ်ငယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ဟောတိ၊ ဖြစ်တော်မူပါ ဘုရား။

**ဆရာ**။ ။ပါသာဒိကေန သမ္ပာဒေထ။ ။

ပါသာဒိကေန၊ ကြည်ညိုဖွယ်ကို ဆောင်သော ကိုယ်အမူ အရာ နှုတ်အမူအရာ အားဖြင့်။ တိဝိဓသိက္ခံ၊ သိက္ခာသုံးရပ် သာ သနာတော်မြတ်ကို။ သမ္ပာဒေထ၊ ပြည့်စုံစေကြကုန်လော့။

**တပည့်** ။အာမ ဘန္တေ၊ ဘန္တေအရှင်မြတ်ဘုရား။ အာမ၊ ပြည့်စုံပါစေမည် ဘုရား။

ဥပဇ္ဈာယ်ဆရာ၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုကြမူ ချမ်းသာစွာ ပရိယတ် ပဋိပတ် တရားကို အားထုတ် ကြလေကုန်ဟု ဥပဇ္ဈာယ်ဆရာ ကိုယ်တိုင်ဆို၍ ခွင့်လွှတ်အပ်၏။

သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော ဘုရားတပည့်တော်အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာ သက်သက် ကြောင့်ကျမဲ့နေတော်မူကြပါဘုရားဟု သဒ္ဓိဝိဟာရိက တပည့်ကဆို၍ ခွင့်လွှတ်စကား လျှောက်ကြားအပ်၏။

---

စယဉ်ဦးစာပေ

## ဒေသနာကြားပုံ

အငယ်။ ။အဟံဘန္တေသဗ္ဗာ အာပတ္တိယော အဝိကရောမိ။

အကြီး။ ။သာဓု....သာဓု....သာဓု။

အငယ်။ ။အဟံဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိတာ့တုမှ မုလေပင်္ဒေ သေမိ။

အကြီး။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။

အငယ်။ ။အာမဘန္တေ ပဿာမိ။

အကြီး။ ။အာယတိံ အာဝုသော သံဝရေယျာသိ။

အငယ်။ ။သာဓု သုဋ္ဌု ဘန္တေသံဝရိဿာမိ။

အကြီး။ ။သာဓု....သာဓု....သာဓု။

အကြီး။ ။အဟံအာဝုသော သဗ္ဗာ အာပတ္တိယော အာပိကရောမိ။

အငယ်။ ။သာဓု ဘန္တေ သာဓု....သာဓု။

အကြီး။ ။အဟံအာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာတုယှပူလေ ပင်္ဒေသေမိ။

အငယ်။ ။ပဿထဘန္တေ တာ အာပတ္တိယော။

အကြီး။ ။အာမ အာဝုသော ပဿာမိ။

အငယ်။ ။အာယတိံ ဘန္တေ သာဝရေယျာထ။

အကြီး။ ။သာဓု သုဋ္ဌု အဟံအာဝုသော သံဝရိဿာမိ။

အငယ်။ ။သာဓု ဘန္တေ သာဓု သာဓု။
ဝတ္ထုသဘာဂဖြစ်အံ့ ပြန်ကြား။

အငယ်။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာ ဝတ္ထုကာ
သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာတုံမှမူလေ
ပဋိဒေသေမိ။

အကြီး။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။

အငယ်။ ။အာမဘန္တေ ပဿာမိ။

အကြီး။ ။အာယတိံ အာဝုသော သံဝရေယျာသိ။

အငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

အကြီး။ ။သာဓု...သာဓု...သာဓု။

## နိသျှည်းယူပုံ

တပည့်။ ။"အာစရိယော မေ ဘန္တေ ဟောတိ။
အာယသ္မတော နိဿာယ ဂစ္ဆာမိ"
(သုံးခေါက်ဆို)

ဘန္တေ၊ အရှင်မြတ်ဘုရား။ အာယသ္မာ၊ သက်တော်ရှည်သော။ တွံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ ဘုရားတပည့်တော်၏။ အာစရိယော၊ မှီခိုစရာနိသျှည်းဆရာသည်။ ဟောတိ၊ ဖြစ်တော်

မူပါဘုရား။ အာယသ္မတော အာယသ္မန္တံ၊ အရှင်မြတ်ဘုရားကို။ နိဿယ၊ မှီ၍။ ဂစ္ဆာမိ၊ နေပါအံ့ဘုရား။

ဆရာဘုန်းကြီး။ ။ပါသာဒိကေန သမ္ပာဒေဟိ။

ပါသာဒိကေန၊ ကြည်ညိုဖွယ်ကိုဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့်။ တိဝိဓသိက္ခံ၊ သိက္ခာသုံးရပ် သာသနာတော်မြတ်ကို။ သမ္ပာဒေဟိ၊ ပြည့်စုံစေလော့။

တပည့်။ ။အာမ ဘန္တေ။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြည့်စုံပါမည်ဘုရား။

ဆရာဘုန်းကြီး။ ။နိသျည်းဆရာ၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၊ ချမ်းသာစွာ ပရိယတ်ပရိပတ်တို့ကို အားထုတ်၍နေလေ။

တပည့်။ ။နိဿယန္တေဝါသိက တပည့်ဖြစ်သော ဘုရား တပည့်တော်အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာ သက်သက် ကြောင့်ကျမဲ့ နေတော်မူပါ ဘုရား။

ရဟန်းဖြစ်သောသူသည် ကုဋိအိမ်သာ တက်ရောက်ရာ၌ အောက်ပါ အပြစ်မကင်းသော ကနုတံများကို မသုံးစွဲအပ်ပေ။

(၁) ကွဲနေသောကနုတံ၊ (၂) အဆစ်ပါရှိသော ကနုတံ၊ (၃) အဖုအထစ် ပါရှိသောကနုတံ၊(၄) ဆူးပါသော ကနုတံ၊

(၅) အခေါင်းပါရှိသော ကနုတံနှင့် (၆) ကြမ်းတမ်းသော ကနုတံတို့ဖြစ်သည်။

ရဟန်းဖြစ်သော သူသည် အစေ့မျိုးစေ့၊ ပင်စည်မျိုးစေ့ စသည်ပါသောအရာများ၊ (ဘူဇဂါမ်၊ ဗီဇဂါမ်)များကို မချေဖျက်ကောင်း၊ မဘုဉ်းပေးကောင်း၊ ကပ္ပိပြီးမှ သုံးဆောင်ကောင်းသည်။ ကပ္ပိပုံမှာ ရဟန်းက ကပ္ပိမည့် အရာဝတ္ထုကို ကိုင်ထားလျက်"ကပ္ပိယံကရောဟိ"ဟု ဆိုရသည်။ ဒါယကာဖြစ်လုက "ကပ္ပိယံဘန္တေ"ဟုဆိုပြီး (၁) လက်သဲဖြင့်လည်းကောင်း၊ (၂) ဓားစသည်ဖြင့်လည်းကောင်း၊ (၃)မီးဖြင့်လည်းကောင်း၊ ဆိတ်၊ ဖြတ်၊ ရှို့ခြင်းမျိုးတခုခုဖြင့် ပြုလုပ်ရသည်။ ကပ္ပိသည်ဟု ခေါ်သည်။

**မှတ်ချက်။** ။အစေ့မကင်းသော ငရုတ်သီးထောင်း၊ မာလကာသီး၊နံနံပင်၊ သလဲသီး၊ပူစီနံပင် စသည်တို့ကို ဘုဉ်းပေးရာ၌ သတိပြုဖွယ်ဖြစ်သည်။

(ဤကပ္ပိပုံနည်းကို စူဠဝါပါဠိတော်၌လာသည်။)

ရဟန်းဖြစ်သောသူသည် အောက်ပါပုဂ္ဂိုလ် (၂၅)ယောက်တို့ကို အဉ္ဇလိကမ္မဖြင့် လက်အုပ်ချီ၍ မရှိခိုးကောင်းပေ၊ (၂၅) ယောက်ဟူသည်ကား -

၁။ မြို့ရွာတွင်းသို့ ဝင်သွားနေသော ရဟန်းကြီး

၂။ လမ်းမပေါ်၌ ခရီးသွားနေသော ရဟန်း

၃။ အမိုက်မှောင်တွင်း၌နေသောရဟန်း

၄။ အလုပ်တခု၌စိတ်ဝင်စားစွာ လုပ်ဆောင်နေသောရဟန်း

၅။ အိပ်ပျော်နေသော ရဟန်း

၇။ ဆွမ်းစားကျောင်း၌ ဆွမ်း၊ ဆွမ်းဟင်း ပြင်နေရသော ရဟန်း

၈။ ရန်သူရဟန်းနှင့် ရန်သူဘက်ပါသောရဟန်း

၉။ တစုံတခုကို ကြံစည်စိတ်ကူးနေသော ရဟန်း

၁၀။ အဝတ်သင်္ကန်းမရှိ ကိုယ်တုံးလုံးထည်းနေသော ရဟန်း

၁၁။ ခဲဘွယ်အပြား (၁၂)ပါးကို ဘုဉ်းပေးနေသောရဟန်း

၁၂။ ဘောဇဉ်အပြား (၅)ပါးအပေါင်းကို ဘုဉ်းပေးနေသော ရဟန်း

၁၃။ ကျင်ကြီးစွန့်၍နေသောရဟန်း

၁၄။ ကျင်ငယ်စွန့်၍နေသော ရဟန်း

၁၅။ သံဃာမှ နှင်ထုတ်ထားသော ရဟန်း

၁၆။ မိမိအောက်သိက္ခာငယ်သော ရဟန်း

၁၇။ ရဟန်းမဟုတ်သော တစုံတယောက်သော ပုဂ္ဂိုလ်

၁၈။ အယူဖောက်ပြန်သော ရဟန်းကြီး

၁၉။ လူ မိန်းမ ပုဂ္ဂိုလ်များ

၂၀။ ပဏ္ဍုတ် ရဟန်းပုဂ္ဂိုလ်

---

စပယ်ဦးစာပေ

၂၁။ သံဃာဒိသိသ် အာပတ်အတွက် ပရိဝတ်ဆောက်ဘည် နေသောရဟန်း

၂၂။ ပရိဝတ်နေစဉ် သံဃာဒိသိသ် အာပတ်ထပ်သင့်၍ တဖန် ပြန်ကျင့်နေရသော ရဟန်း

၂၃။ သံဃာဒိသိသ် အာပတ်ပြေ၍ သံဃာ မြတ်နိုးသောဟန်း

၂၄။ သံဃာဒိသိသ် အာပတ်ပြေ၍ သံဃာမြတ်နိုးရန် မာနတ် ကျင့်နေသောရဟန်း

၂၅။ မာနတ်ကျင့်ပြီး၍ သံဃာ့ဘောင်သို့ သွင်းထိုက်သော ရဟန်း၊ပေါင်း(၂၅)ယောက်ဖြစ်သတည်း။

(ဝိနည်းမဟာဝါပါဠိတော်နှင့် ၎င်းအဋ္ဌကထာ၌ လာ၏။)

### သိက္ခာအပိုင်း အခြား ရဟန်း(၃)ပါး

၁။ မထေရ် = မထေရ်ကြီး၊ ဆယ်ဝါ၊ ဆယ်ဝါအထက် ရှိသောရဟန်းကြီး

၂။ နဝက = အငယ်=ငါးဝါ၊ ငါးဝါအောက် ရှိသော ရဟန်းငယ်

၃။ မဇ္ဈိမ = အလတ်=ငါးဝါ၊ ငါးဝါအထက်ရှိသော ရဟန်းလတ်။

---

စပယ်ဦးစာပေ

## တနည်း မထေရ် (၂) ပါး

၁။ အနုထေရ် = မထေရ်ငယ်=တဆယ့်ကိုးဝါအထိသိက္ခာ ဝါတော်ရရှိသော ရဟန်းကို အနုထေရ်ဟုခေါ်သည်။

၂။ မဟာထေရ်= မထေရ်ကြီး= ဝါနှစ်ဆယ် အထက်၌ရှိသော ရဟန်းတော်ကို မဟာထေရ်ဟု ခေါ်သည်။

ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ပစ္စည်းလာဘ်လာဘရရှိအောင် ပေါများအောင် အောက်ပါ ကုလဒူသန၊ အနေသနနည်း ၂၁ ပါးဖြင့် မရှာမှီးအပ် မရှာမှီးကောင်းပေ။

## အနေသန ရှားမှီးခြင်း (၂၁)ပါး

၁။ သစ်သီးပေးခြင်း၊ ၂။ ပန်းပေးခြင်း၊ ၃။ မျက်နှာချေမှုန့်ပေးခြင်း၊ ၄။ မြေညက်ပေးခြင်း၊ ၅။ ဝါးပေးခြင်း၊ ၆။ ဒန်ပူပေးခြင်း၊ ၇။ လူတို့စေခိုင်းရာကို သွားရောက်လုပ်ကိုင်ပေးခြင်း၊ ၈။ ဆေးကုစားခြင်း၊ ၉။ မျက်နှာသစ်ရေပေးခြင်း၊ ၁၀။ ဆွမ်းတုံ့ပြန်ပေးခြင်း၊ ၁၁။ သစ်ရွက်ပေးခြင်း၊ ၁၂။ ရေချိုး ကသယ်မှုန့်ပေးခြင်း၊ ၁၃။ ကလေးချီခြင်း၊ ၁၄။ အမှန်နည်းပါး၍ အမှားများသော စကားများကို ဆိုလေ့ရှိခြင်း၊ ၁၅။ ချစ်ခင်ကြည်ညိုလာအောင် မြှောက်၍ (ဖား၍) အောက်ကျို့ကာ စကားဆိုခြင်း၊ ၁၆။ အနီးအပါး၌ ခိုင်းစေရာခံခြင်း၊ ၁၇။ စာပေးစာယူ ပို့ပေးခြင်း၊ ၁၈။ မြေကြန်အတတ်ဖတ်ဟောခြင်း၊ ၁၉။ ်လယ်ယာ၏ အကျိုးအပြစ်ကို ဟောခြင်း၊

၂၀။ ရုပ်လက္ခဏာအကျိုး အပြစ်ကိုဟောခြင်း၊ ၂၁။ နက္ခတ် အကျိုးအပြစ်အတတ်ကို ဖတ်ဟောခြင်း၊ ပေါင်း ၂၁ ဖြစ်၏။

မှတ်ချက်။ ။ ၎င်း ၂၁ ပါးတို့တွင် ၁ မှ ၈ အထိ ရှာမှီးခြင်းတို့သည် လူတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသည်မည်သောကြောင့် ကုလဒုသန ၈ ပါးဟုခေါ်သည်။ ကုလ=အမျိုး+ဒူသန=ဖျက်ဆီးခြင်း။

ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် အလျားအားဖြင့် တထောင်ထွာ။ အနံအားဖြင့် တထွာ ခြောက်သစ် အယုတ်ဆုံး ပမာဏရှိသော ကိုယ်ပိုင်သင်္ကန်းများ အဝတ်များ (တဘက်စသည်) တို့ကိုလည်းကောင်း၊သပိတ်ကိုလည်းကောင်း၊ ၁၀ ရက်အတွင်း၌ ဝိကပ္ပနာပြုခြင်း၊ အဓိဋ္ဌာန်တင်ခြင်းကို ပြုအပ်ပေသည်။

## ဝိကပ္ပနာပြုပုံ

ဝိကပ္ပနာပြုလိုသော ရဟန်းသည် ရဟန်းတပါးထံသို့ ချဉ်းကပ်၍ အောက်ပါ အစီအစဉ်အတိုင်း ပြုရမည်။

ပြုသူ။ ။ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ။ ၃ ခေါက်ဆို၍ပေးရသည်။

ပြုခံသူ။ ။မယှံ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာ ပစ္စယံ ကရောဟိ။ သုံးခေါက်ဆို၍ ပြန်ပေးရသည်။

---

စပယ်ဦးစာပေ

## ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ပုံ

ဣမံ စီဝရံပရိက္ခာရစောဠံ အဓိဋ္ဌာမိ။ (အနည်းတင်—)

ဣမာနိ စီဝရာနိ ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ (အများတင်-)

## တိစီဝရိတ်သင်္ကန်း (၃) ထည် အဓိဋ္ဌာန်တင်ပုံ

ဣမံ ဣမံ သံဃာဋိံ အဓိဋ္ဌာမိ (ဒုကုဋ်-၂ ထပ် အတွက်)
ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ (ကေသီကိုယ်ရုံအတွက်)
ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ (သင်းပိုင် ကိုယ်ဝတ်အတွက်)

## တိစီဝရိတ်သင်္ကန်း (၃) ထည် နိဿဂ္ဂိစွန့်ပုံ

သင်္ကန်း သုံးထည်ကို နှစ်ဘောင်ထွာ ဟတ္ထပါသ်မှ ကင်း၍ အရုဏ်တက်မှု မရှိအောင် ဆောင်ရမည်။ အကယ်၍ ဟတ္ထပါသ်မှ ကင်းခဲ့သော် အောက်ပါအစီအစဉ်အတိုင်း ပြုရမည်။

စွန့်သူ။ ။ဣမာနိမေဘန္တေစီဝရာ နိရတ္တိ ဝိပ္ပဝုတ္ထာနိ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ၊

စွန့်ခံသူ။ ။ဣမိနာ စီဝရာနိ အာယတ္တိတောဒမ္မိ။

အမှာ။ ။အကယ်၍ သင်္ကန်း တစ်ထည်တည်းသာ ဖြစ်ပါက ဣဒံ၊ စီဝရံ၊ ဣမံ၊ စီဝရံ စသည်ပြင်၍ ဆိုရပါမည်။

ရဟန်းသည် အသစ်ရရှိပြီးသောသင်္ကန်းကို ဝိကပ္ပနာပြုခြင်း အဓိဋ္ဌာန်တင်ခြင်း မပြုမိပဲ (၁၀) ရက်လွန်ခဲ့သော် အောက်ပါ အတိုင်း စွန့်ခြင်း ပေးခြင်းတို့ကို ပြုရမည်။

စွန့်သူ။ ။ဣဒံ မေ ဘန္တေစီဝရံ ဒသာဟာတိက္ကန္တံနိဿဂ္ဂိယံ ဣမာတံ အာယသ္မတောနိဿဇ္ဇာမိ။
(စွန့်ပြီးဒေသနာကြား)

စွန့်ခံသူ။ ။ဣဒံစီဝရံ အာယသ္မတောဒမ္မိ။ (ပြန်ပေး)

(အမှာ။ ။အကယ်၍ သင်္ကန်း အများဖြစ်ပါက ဣမာနိ၊ စီဝရာနိ စသည်ဖြင့် ပြင်၍ဆိုရပါမည်)

အဓိဋ္ဌာန်ချ (ပစ္စုဒ္ဓိရ်ပြုပုံ)

ဣမံသံဃာဋိံ ပစ္စုဒ္ဓရာမိ (ဒုကုဋ်-၂ထပ်အတွက်)

ဣမံဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ (ကေသီကိုယ်ရုံအတွက်)

ဣမံအန္တရဝါသကံ ပစ္စုဒ္ဓရာမိ (သင်းပိုင် ကိုယ်ဝတ်အတွက်)

---

စပယ်ဦးစာပေ

## သပိတ်၌ပြုကျင့်ရန်

ဝိကပ္ပနာပြုပုံ

ပြုသူ။ ။ဣမံ ပတ္တံ တုယှံပိ ကပ္ပေမိ

ပြုခံသူ – မယှံသန္တကံပိရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိဝါ

ယထာပစ္စယံ ကရောဟိ။

အဓိဋ္ဌာန်တင်ပုံ

ဣမံ ပတ္တံ အဓိဋ္ဌာမိ

ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ။

အဓိဋ္ဌာန်ဝိကပ္ပနာမပြုမိဘဲ (၁၀)ရက်လွန်လျှင် စွန့်ပုံ

စွန့်သူ။ ။အယံ မေဘန္တေပတ္တော ဒသာဟာ တိက္ကန္တော နိဿဂ္ဂိယော၊ဣမာဟံအာယသ္မတော နိဿဇ္ဇာမိ။ (စွန့်ပြီး ဒေသနာကြား)

စွန့်ခံသူ။ ။ဣမံပတ္တံ အာယသ္မတော ဒမ္မိ။

(အမှာ။ ။၂-တောင်ထွာသက် ဝေးကွာသောအရပ်၌ရှိနေခဲ့သော်၊ဣမံကိုဧတံ၊ဣမာနိ၊ကိုဧတာနိစသည်ဖြင့် ပြင်၍ ဆိုရပါမည်)

---

### ရဟန်းသာမဏေများ ဝါဆိုရန်ဆိုရိုး

ဣမသ္မိံ ဝိဟာရေ ဣမံတေမာသံ ဝဿံဥပေမိ (၃-ကြိမ်)။

### ရဟန်းတော်များ ပဝါရဏာပြုရန် ဆိုရိုး

သံဃံဘန္တေ ပဝါရေမိ ဒိဋ္ဌေနဝါ၊ သုတေနဝါ၊

ပရိသင်္ကာယဝါ ဝဒန္တုမံ သံဃောအနုကမ္ပံ ဥပါဒါယ၊

ပဿန္တော ပဋိကရိဿာမိ (၃ ကြိမ်)

ရဟန်းသည် နေထွက်နေဝင်အရုဏ်တက်အချိန်တို့ကို သိရှိရသည်။အထူးသဖြင့် အရုဏ်တက်ခြင်းသည် အာပတ်ညာဉ်ဖုံးလွှမ်းခြင်း၊ ဝိကာလဘောဇန သိက္ခာ ပုဒ်ကို လွန်ကျူးမိတတ်ခြင်းစသောအပြစ်များရှိတတ်လေသည်။ရဟန်းတော်တို့၏ဘုရားပေးသော ဝိနည်းဒေသနာတော်၌ ဟိုဘက်နေ့နှင့် ဤမှာဘက်နေ့တို့ကို အရုဏ်ဖြင့် ပိုင်းခြားခြင်းဖြစ်သည်။

စက်နာရီဖြင့် တိုက်ပြထားသော အရုဏ်တက်၊ နေထွက်၊ နေဝင်အချိန်ပြ တဖက်ပါဇယားကိုလည်း လစဉ် နေ့စဉ်သတိပြု၍ မှတ်သားသင့်ပေသည်။

## အရုဏ်တက် နေထွက် နေဝင် အချိန်နာရီ မှတ်တမ်းဇယား

| လအမည် | အရုဏ် | | နေထွက် | | နေဝင် | |
|---|---|---|---|---|---|---|
| | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် |
| တာကူး | ၅ | ၀ | ၆ | ၀ | ၆ | ၀ |
| ကဆုန် | ၄ | ၅၀ | ၅ | ၅၀ | ၆ | ၁၀ |
| နယုန် | ၄ | ၄၀ | ၅ | ၄၀ | ၆ | ၂၀ |
| ပါဆို | ၄ | ၃၀ | ၅ | ၃၀ | ၆ | ၃၀ |
| ဝါခေါင် | ၄ | ၄၀ | ၅ | ၄၀ | ၆ | ၂၀ |
| တော်သလင်း | ၄ | ၅၀ | ၅ | ၅၀ | ၆ | ၁၀ |
| သီတင်းကျွတ် | ၅ | ၀ | ၆ | ၀ | ၆ | ၀ |
| တန်ဆောင်မုန်း | ၅ | ၁၀ | ၆ | ၁၀ | ၅ | ၅၀ |
| နတ်တော် | ၅ | ၂၀ | ၆ | ၂၀ | ၅ | ၄၀ |
| ပြာသို | ၅ | ၃၀ | ၆ | ၃၀ | ၅ | ၃၀ |
| တပို့တွဲ | ၅ | ၂၀ | ၆ | ၂၀ | ၅ | ၄၀ |
| တပေါင်း | ၅ | ၁၀ | ၆ | ၁၀ | ၅ | ၅၀ |

ရဟန်းဖြစ်သော သူသည် အာဝါသကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်ပင်ဖြစ်စေ အာပတ်သင့်ခြင်းမှ မကင်းကြပေ။သို့သော် (၁) သမ္မာသမ္ဗုဒ္ဓ ဘုရားသခင်နှင့် (၂) ပစ္စေကဗုဒ္ဓာ (ဘုရားငယ်တို့မှာကား) "ဒွေပုဂ္ဂလာအနာပတ္တိ" ဟူသော စကားအရ အာပတ်မသင့်ဟုဆိုသည်။

(ဝိနည်း ပရိဝါ ပါဠိတော်၌လာသည်။)

## အာပတ် (၇)ပုံ အပိုင်းအခြားနှင့်ကုစားပုံများ

အာပတ် (၇)ပုံကား

(၁) ပါရာဇိက အာပတ်

(၂) သံဃာဒိသိသ်အာပတ်

(၃) ထုလ္လစ္စည်းအာပတ်

(၄) ပါစိတ်အာပတ်

(၅) ပါဋိဒေသနီအာပတ်

(၆) ဒုက္ကဋ်အာပတ်နှင့်

(၇) ဒုဗ္ဘာသိအာပတ်တို့ပင် ဖြစ်သည်။

ယင်းအာပတ် (၇) ပုံတွင်....

(က) ပါရာဇိက အာပတ်သည် ရဟန်းအဖြစ်မှ ပြတ်သော ကြောင့် ဆေဇ္ဇဂါမိနီအာပတ်မည်၏။ လူဝတ်လဲ (လူထွက်) ခြင်းဖြင့်သာ ကုစားရတော့သည်။

(ခ) သံဃာဒိသိသ်အာပတ်သည်ပရိဝသ်နေခြင်းစသည်ဖြင့် ထမြောက်စေသောကြောင့် ရဋ္ဌာနဂါမိနီ အာပတ် မည်၏။ သီလစင်ကြယ်အောင် ပရိဝသ်နေခြင်း စသည်ကိုပြုရ၏။

(ဂ) ထုလ္လစ္စည်း ပါစိတ်စသော ကြွင်းအာပတ် (၅) ပုံ၏ အပြစ်ကို ကား ဒေသနာပြောကြားခြင်းဖြင့် ကုစားအပ်သော ကြောင့် ဒေသနာဂါမိနီအာပတ်မည်၏။ ဒေသနာကြားလျှင် သီလစင်ကြယ်တော့၏။

ဤသို့ အာပတ် အပြစ်များအား ကုစားမှု အသီးသီးတို့ကို လည်း သိထားအပ်၏။ ယင်းသို့ သိထားသဖြင့် ဆိုင်ရာအာပတ် အပြစ်များ သင့်ရောက်ပါက လွယ်ကူစွာ ကုစားထမြောက် နိုင်ခြင်းကြောင့် စိတ်၏စင်ကြယ်မှုကိုရရှိနိုင်ကြပေမည်။သို့မဟုတ် ပါက အနာရောဂါသာ သိရှိရပြီး ပျောက်ကင်းကြောင်း ဆေးဝါးကို မသိရကဲ့ကို အာပတ်အပြစ်ကိုသာ လေ့လာ တွေ့ရှိ ရပြီး ၎င်းအပြစ်တို့မှ ကင်းပျောက်ကြောင်း ကုစားမှုမရှိသကဲ့သို့ ဘာသာဝင်တို့စိတ်၌တွေးထင်ယူဆနေတတ်ပေသည်။ဤ အချက် ကို အထူးသတိချပ်အပ်၏။

---

**ပေယျာလ**

## သိက္ခာတင် သိက္ခာချ သိမှတ်စရာ ဗဟုသုတ

"သိက္ခာတင် ပဉ္စင်၊ သိက္ခာချ ဆလင်" ဟူသော သိတန်ဆောင်ပုဒ် စကားရှိသည်။ ထိုတွင် သိက္ခာတင် ပဉ္စင် ဟူသော အဓိပ္ပါယ်မှာ ရဟန်းဘောင် တက်လို၍ သိမ်ဝင်သောအခါ (သိက္ခာတင်သောအခါ) အင်္ဂါ(၅)ရပ်နှင့်ပြည့်စုံရသည်။ယင်းသို့ အင်္ဂါပြည့်စုံမှ ရဟန်းပဉ္စင်း ဖြစ်သည်။ ဤ၌ "ပဉ္စင်း" ဟူသော စကားသည် "ပဉ္စင်" ဟူသော စကားမှ ဆင်းသက်လာသော ပါဠိသက် မွေးစားစကားလုံးပင် ဖြစ်သည်။

သိက္ခာတင်ရန် အင်္ဂါငါးပါးဟူသည်ကား....

(၁) ဝတ္ထုသမ္ပတ္တိ = အသက် (၂၀) ပြည့်ပြီးသော လူယောကျ်ားဖြစ်ရှိရခြင်း

(၂) ဉတ္တိသမ္ပတ္တိ = ဉတ္တိ ဒေါသ (၅) ပါးမှ ကင်း၍ ညသ်၏ ပြည့်စုံမှုရှိရခြင်း

(၃) သိမာသမ္ပတ္တိ = ကောင်းမြတ်သော သိမ် ပြည့်စုံရခြင်း

(၄) ကမ္မဝါစာသမ္ပတ္တိ = အနုသာဝန ဒေါသမှ ကင်းစင်၍ ကမ္မဝါ၏ ပြည့်စုံခြင်း-နှင့်

(၅) ပရိဿာသမ္ပတ္တိ = ပရိဿတ် ဒေါသ သုံးပါးမှ ကင်းလွတ်၍ သံဃာပရိဿတ်၏ ပြည့်စုံရခြင်း တို့ပင်ဖြစ်သည်။

(အချုပ်ဆောင်ပုဒ်) = ဝတ္ထုညည်မှာ၊ ကမ္မဝါ၊ သိမာပရိဿတ်။ သမ္ပတ္တိဂုဏ်၊ ငါးအင်စုံ၊ မှတ်ကုန်အကုပ္ပ။

## သိက္ခာချ ဆလင်္က

"သိက္ခာချ ဆလင်္က" ဟူသော စကား၏အဓိပ္ပါယ်မှာ သက်န်းဝတ်နှင့် မပျော်ပိုက်သောအခါ (သိက္ခာချလိုသောအခါ) အင်္ဂါ (၆)ရပ်နှင့် ပြည့်စုံရသည်။ ယင်းသို့ အင်္ဂါပြည့်စုံမှ လူထွက်နိုင်ခွင့်ရှိသည်။ အင်္ဂါ(၆)ရပ်ဟူသည်ကား....

(၁) စိတ် = လူထွက်လိုသောစိတ် ရှိခြင်း

(၂) ခေတ် = "ဂိဟိတိ မံ ဓာရေဟိ၊ ဂဟဋ္ဌောတိ မံ ဓာရေဟိ၊ ဥပါသကောတိ မံ ဓာရေဟိ၊ သာမဏေရောတိ မံ ဓာရေဟိ" စသည် ပါဠိခေတ်ပုဒ်ဖြင့် ရွတ်ဆိုရခြင်း

(၃) ကာလ = ပစ္စုပ္ပန် ကာလ၌ ဖြစ်ရခြင်း (ဝတ္တမာန် - ပဉ္စမီဝိဘတ်များ ဖြစ်ရခြင်း)

(၄) ပယောဂ = ဝါစာသိကဖြင့် နှုတ်ရွတ် ထွက်ဆိုရခြင်း

(၅) ဉာဏ = သိက္ခာချသူ၏ သိက္ခာကျမှုကိုသိရခြင်း-နှင့်

(၆) ပုဂ္ဂလ = သိက္ခာချမှုကို နားထောင်သူ လူဖြစ်ခြင်း တို့ပင် ဖြစ်သည်။

(အချုပ်ဆောင်ပုဒ်) = စိတ် ခေတ် ကာ လ၊ ပ ယော ဂ၊ ဉာဏ ပုဂ္ဂလ။ အင်္ဂါခြောက်ဝ၊ ပြည့်စုံက၊ လျှောကျမြတ်သိက္ခာ။

**မှတ်ချက်။** ။ပျက်ရယ်ပြုခြင်း၊ ရှုးသွပ်စိတ် ပျံ့လွင့်ခြင်း၊ ဝေဒနာခံစားခြင်း စသည်တို့ဖြင့် သိက္ခာချမှုကား သိက္ခာမကျပေ။ အထူး သတိပြုရမည့် အချက်ဖြစ်၏။ သိက္ခာ ချ နည်း (၇)မျိုးသိ ရှိသည်။ အကျယ်သိလိုမူ ပါရာဇိကဏ်အဋ္ဌကထာ၌ ရှုပါ။

(ဝိနည်းတော်လာ ကျက်စရာ မှတ်စရာ အဖြာဖြာပြီး၏။)

## “ မှီ ငြမ်း ကျမ်း ကိုး စာ ရင်း ”

၁။ ဝိနည်း ၅-ကျမ်းပါဠိတော်နှင့် ၎င်းနိဿယများ (ဆဋ္ဌမူမြန်မာပြန်)

၂။ ဝိနည်းအဋ္ဌကထာများ

၃။ ဝိနည်းငယ်လေးစောင်ပါဠိ+နိဿယ (ဆရာတော်ဦးဗုမ်)

၄။ ဝိနယသံခိပ်ကျမ်း၊ (လယ်တီဆရာတော်ဘုရား),

၅။ ဘုရားဥပဒေတော်ကြီး (အရှင်ဇနကာဘိဝံသ),

၆။ ဝိနည်းဝိနိစ္ဆယများ

၇။ သျှင်ဗြဟ္မရက္ခိတ၏ ဝိနည်းမှတ်စု (လက်ရေးမူ);

## ၁။ ဒုက္ကဋ်အာပတ်သင့်သည်

"အသပ္ပါယဋ္ဌာနေဒုက္ကဋ်" ဟူသော ကြောင့် ရဟန်းနှင့် မလျော်သော အမှု ဟူသမျှကို ပြုခြင်းသည် ဒုက္ကဋ်အာပတ် သင့်သည်။ ။

(တတိယ နံမေ့် ဆရာတော်)

## ၂။ သာသနာတော်ကိုလေးစားပါ

ပါပိစ္ဆာ ပကာသန ထင်ရှားစေလို သော အခရေးနှင့် တလောကလုံး၏ ကိုးကွယ်ရာ နိယျာနိက ဓရာမ သာသနာ တော်မြတ် အရေးကို ဖျက်လိုဖျက်ဆီး မပြုကြပေလင့်။ ။

(မဟာ ဝိသုဒ္ဓါ ရာမ ဆရာတော်)

## ၃။ ဒုလ္လဘရဟန်း ဟူသည်

ရဟန်းအဖြစ်ကို ရခဲ့သည် ဟူရာ၌ အသက်မငဲ့မူ၍ သီလကို ချစ်သော ရဟန်း၏အဖြစ်ကိုသာ ရခဲသည်။ ရဟန်း ဖြစ်ဆန်းကာကို ရခဲသည်မဟုတ်။ ။

(တတိယ နံမော် ဆရာတော်)

## ၄။ ပေါ့ပေါ့ မမှတ်နှင့်

သကင်္န်းဖျော့တော့၊ ဝတ်ပြီးလျော့ဟု၊
ပေါ့ပေါ့ လွယ်ကာ၊ မမှတ်ရာ ရှင့်၊
ကိလေသာ ညှိနဲ့၊ ပေါ်ထဲလိမ်းကျံ၊
ကိုယ်လုံး မံလျက်၊ မကြံ စည်သာ၊
ဤခန္ဓာကား၊ အရာမက၊ ဒုက္ခတိုးပွား၊
ဘေးရန်များ၏။ ။

(ဇနကာပျို့၊ တွင်းသင်းမင်းကြီး)

လူအပေါင်းတို့လည်း

ဤအဖြစ်ကား အံ့ဖွယ်တကာတို့၏ အံ့ဖွယ်ပါတည်းဟု ဆိုကြကုန်၏။

- ကမ္ဘာ့စာပေတွင် ဘယ်သောအခါမှ မရိုးနိုင်၊ မဟောင်းနိုင်သော။
- မြန်မာစာပေတွင် တစိတ်တဒေသမျှသာ ဖတ်ကြရသေးသော။
- ဤစာအုပ်ကို မစ္စတာရှိတ်အမ္ဗဒ္ဓူရာမန်က အချို့အဝက်ဘာသာပြန်ခဲ့၏။
- ဆရာကြီး သခင်ဘသောင်းလည်း ဘာသာပြန်ခဲ့၏။

သို့သော်....ဆုံးခန်းသို့ မတိုင်ခဲ့။

- ယခု ဘာသာပြန်မှုမှာ တကမ္ဘာလုံးက လေးစား အသိအမှတ် ပြုရ ခံသောမှု။
- ပထမညမှသည် တထောင့်တညမြောက် အထိ စီကာ စဉ်ကာ ပြောခဲ့သည့် အတိုင်း။
- ဆရာကြီး သခင်ဘသောင်း ဘာသာမပြန်ရသေးသော ပုံဝတ္ထုများကို မြန်မာစာပေတွင် တထောင့်တည ဝတ္ထုများ အစအဆုံး ရှိစေရန် စပယ်ဦးစာပေက စီစဉ်ဆောင်ရွက်ပါသည်။

စနစ်တကျ၊ အစမှအဆုံး ဘာသာပြန်ထားသည်။

- လူဆိုတာ မထိန်းချုပ်နိုင်လျှင် အပြစ်၊ ထိန်းချုပ်နိုင်လျှင်အကျိုး။
- လောကဆိုသဟာ ငိုရသည်လည်းရှိ၊ ရယ်ရသည်လည်းရှိ။

🌍 ဘဝဆိုသဟာ ကြမ်းတမ်းသည်လည်းကြုံရ၊ ချောမွေ့သည်လည်းကြုံရ
အားလုံးသော အရာတို့ကား အလ္လာဟ်အရှင်မြတ်၏ အလိုတော်
အတိုင်းတည်း။

# [illegible]

ပုံပြင်များ (၁)

**ကျော်လှိုင်ဦး** မြန်မာပြန်ဆိုသည် ။

လောကတွင် လူ့အဖြစ်ထက် ဆန်းကျယ်သော အရာသည်မရှိ၊
လူ့အကြောင်းထက် စိတ်ဝင်စားဖွယ် ကောင်းသော အရာသည် မရှိ
ဟူသော သဘောကို လှစ်ပြထားသည့် ဂန္ထဝင် စာအုပ်ထူး။

အရွယ်ကြီး ဆိုက်ကြီး စာအုပ်ထူး

စပယ်ဦးစာပေမှ မကြာမီဆက်လက် တင်ဆက်ပါတော့မည်။

ဤစာအုပ်သည်....

* ပြည်ထောင်စု မြန်မာနိုင်ငံသားတိုင်း
* ပါတီဝင်တိုင်း
* ကျောင်းဆရာ/ဆရာမများနှင့် စာကြည့်တိုက်များ
* အလုပ် လျှောက်ထားကြမည့်သူတိုင်း-
  သက်ဆိုင်ရာစာမေးပွဲ(အင်တာဗြူး)တွင် ပါဝင်သော
  အဓိက အချက်များ ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏

# မှတ်တမ်းတင်ရမည့်

# နေ့ထူး အဖြစ်ထူးများ

## လှမောင်မောင် ပြုစုသည်

စာကြည့်တိုက်များတွင် အလွန်ရှိအပ်သော

စာအုပ်ကောင်း တအုပ်။

ကဏ္ဍတခုစီအတွက် အတွင်းသရုပ်ဖော်ပုံပေါင်း များစွာဖြင့်

သာသနာ့ ရေးဦး [illegible] ထွက်လာပါတော့မည်။

[illegible] ကြည့်တိုက်

[illegible] ထွက်လာပါတော့မည်။